မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၀၃]

အေးစေ မြဲစေ မေတ္တာရေ

- ❖ နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❖ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- ❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှဲ့မမုန်း၊
- ❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးရောင်ခြည်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးချိုးငှက်များလွှတ်၍ ဖိုဖူးယော် ကောက်သစ်စားပွဲတော် အခမ်းအနားကို ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးကျော်လွင်၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိရာ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘားအံမြို့ သီရိကွင်း၌ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မော်တော်ကားထုတ်လုပ်သည့်နိုင်ငံဖြစ်ရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း စက်မှုဇုန်များ ထူထောင်နိုင်ခဲ့သော်လည်း မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းမှာ နည်းပညာနှင့် အရင်းအနှီးလိုအပ်ချက်များရှိနေခဲ့၍ တပ်ဆင်ထုတ်လုပ်မှုအဆင့်ကိုပင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ အဆုံးသတ်ခဲ့ရသည်။ ပြည်ပမှတင်သွင်းလာသော တစ်ပတ်ရစ်ကားများသည် စက်မှုဇုန်ထုတ်ကားများထက် အဆပေါင်းများစွာဈေးသက်သာပြီး အရည်အသွေးမှာလည်း ကောင်းမွန်သည်ကို တွေ့နိုင်သည်။ လက်ရှိအချိန်တွင် မော်တော်ယာဉ်တင်သွင်းမှုမူဝါဒနှင့် ဒေါ်လာဈေးမြင့်တက်ခဲ့၍ သာမန်ကားဈေးမှာ ငွေကျပ်သိန်း ၁၀၀အထက် ရောက်ရှိသွားခဲ့ရပါသည်။

ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံအများစုက ချမ်းသာသောနိုင်ငံများမှ ကားတင်သွင်း၍အသုံးပြုခြင်းထက် မိမိတို့နိုင်ငံတွင်ကားထုတ်လုပ်နိုင်အောင် ပြည်ပအကူအညီများရယူကာ ကြိုးပမ်းအားထုတ်နေကြပြီဖြစ်ပါသည်။ မိမိတို့ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုမှာ အောင်မြင်တိုးတက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း အတတ်ပညာနှင့်အရင်းအနှီးများကို ဖိတ်ခေါ်၍ မော်တော်ကားထုတ်လုပ်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းအားထုတ်သင့်ပေသည်။ ကားတင်သွင်းသည့် အခွန်အတုတ်များအပေါ် မှီခိုနေခြင်းထက် ကားထုတ်လုပ်သည့်နိုင်ငံဖြစ်အောင် ကြိုးပမ်းခြင်းဖြင့် ပြည်သူအများ ဈေးနှုန်းသက်သာစွာ ကားဝယ်စီးလာနိုင်ပြီး တယ်လီဖုန်းကဲ့သို့ ပြည်သူကို တိုက်ရိုက်အကျိုးပြုလာနိုင်မည် ဖြစ်ပါသည်။ ပြည်သူများ၏ လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် များစွာအထောက်အကူပြုလာနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံ၏ ထိပ်တန်းကားကုမ္ပဏီတစ်ခုဖြစ်သော ဆူဇူကီးကားကုမ္ပဏီမှာ စောစီးစွာခြေချနိုင်ခဲ့သော်လည်း တပ်ဆင်ထုတ်လုပ်မှုအဆင့်သာရှိပြီး သီလဝါအထူးစီးပွားရေးဇုန်တွင် ကားထုတ်လုပ်သည့် စက်ရုံဖြစ်ရေးကြိုးပမ်းအားထုတ်နေဆဲဖြစ်ကြောင်း ကြားသိရပါသည်။ တိုယိုတာကုမ္ပဏီသည် လက်ရှိတွင် လှိုင်သာယာ၌ ကားရေဆေး၊ ဆီထိုး၊ စက်ပြင်အဆင့်ရှိစက်ရုံကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ရေးအစီအစဉ်ကို ဆောင်ရွက်နိုင်ခဲ့သော်လည်း ယနေ့အထိတိုင် သက်တမ်းလွန်ယာဉ်များစွာ အသုံးပြုနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မော်တော်ယာဉ်အချို့မှာ အပြင်ပိုင်းကြည့်ကောင်းအောင် ပြင်ဆင်ထားသော်လည်း အတွင်းပိုင်းအစိတ်အပိုင်းအများစုမှာ အလွန်အိုဟောင်းပြီး ပြုပြင်အသုံးပြုနေသည်ကို တွေ့နေရဆဲဖြစ်ပါသည်။ အရည်အသွေးကျဆင်းပြီး သက်တမ်းလွန်ကားများ များပြားလာသည့်အတွက် ယာဉ်မတော်တဆဖြစ်မှုများလည်း တိုးပွားလျက်ရှိပါသည်။ အရည်အသွေးကောင်းသော မော်တော်ကားများ ထုတ်လုပ်အသုံးပြုလာနိုင်ခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လုပ်မှုနည်း၍ သဘာဝပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ကားထုတ်လုပ်သည့်နိုင်ငံဖြစ်ရေးကြိုးပမ်းမှုသည် စက်မှုနိုင်ငံဖြစ်ရေးကြိုးပမ်းမှုလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ရေး၊ ယာဉ်အန္တရာယ်လျော့ပါးရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ရေးတို့အတွက် ကားထုတ်လုပ်သည့်နိုင်ငံဖြစ်ရေး ဦးတည်ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

(၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၁၀

(၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ (၆၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့က ကချင်တိုင်းရင်းသားတို့၏ ရိုးရာထောင်ကာအက၊ မနောအကတို့ဖြင့် ကပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်ဇနီးဒေါ်ကံဆီးဆိုင်းလုံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာအသီးသီးမှ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါတီအသီးသီးမှကိုယ်စားလှယ်များ၊ INGO၊ NGO အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများက တပျော်တပါး စုပေါင်း၍ ပျော်ရွှင်စွာဆင်နွှဲကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

ကျူးကျော်ဆိုင်ခန်းများအား အရေးယူပေးစေလို

ထင်သာမြင်သာပြုပြင်စရာ

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ အလောင်းဘုရားလမ်းမအား ကွန်ကရစ်လမ်းခင်း၍ တိုးချဲ့ပေးထားသော်လည်း ယင်းလမ်းမကြီး၏ ထိပ်ဘက်ရှိ ၁ လမ်း၊ ၂ လမ်းနှင့် ၃ လမ်းထိပ်နေရာတို့တွင် ဈေးသည်များ စည်းကမ်းမဲ့ ကျူးကျော်နေရာယူရောင်းချလျက်ရှိနေကာ ယာဉ်များနှင့် ဖြတ်သန်းသွားလာကြသော ပြည်သူများ အခက်အခဲဖြစ်နေရကြောင်း သိရသည်။ **(ယာပုံ)**

အမှတ် (၁)ရပ်ကွက်ရှိ (၂)လမ်းနေပြည်သူတစ်ဦးက "ဒီနေရာက ဈေးနေရာမဟုတ်ပါဘူး။ ရပ်ကွက်သီးသန့်ပါ။ အဲ့ဒီလမ်းမှာဆိုရင် ယာဉ်တွေတောင် ဖြတ်သန်းသွားလာလို့မရတော့ဘဲ ဈေးသည်တွေနဲ့ ပိတ်ဆို့နေတာပါ။ ပြီးတော့ အဲဒီစည်ပင်ပိုင်လမ်းပေါ်မှာ အကြောင်းမဲ့ ဈေးဗန်းနေရာဦးပြီး နေရာရောင်းချမှုတွေ ရှိနေပါတယ်။ ရပ်ကွက်တွင်းက သက်ကြီးရွယ်အိုတွေပါ သွားလာရခက်နေတယ်" ဟု ဆိုသည်။

အဆိုပါ အလောင်းဘုရားလမ်းသည် ရပ်ကွက်နေ ပြည်သူများ အားအထားရဆုံး လမ်းဖြစ်ပြီး ဘုရင့်နောင်လမ်းမှစ၍(၁)လမ်းသို့ ပတ်ကာ မြို့သစ်ဘူတာမှ ဗဟိုလမ်းသို့ ဆက်သွယ်ထားသော လမ်းလည်းဖြစ်သောကြောင့် လမ်းမြေကို ကျူးကျော်ထားသော ရွှက်ဖျင်ထိုးဆိုင်ခန်းများနှင့် ဂိတ်ထိုး၍ စည်းကမ်းမဲ့ရပ်နားထားကြသော ဆိုက်ကား၊ ဂါလီများအား ရှင်းလင်းပေးစေရန် ရပ်ကွက်အတွင်း နေထိုင်ကြသော ပြည်သူများက လိုလားလျက်ရှိနေကြောင်း သိရသည်။

စိုးဝင်း(SP)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀၅၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၅၀၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	ရန်ကုန်
ဒီဇယ်	၅၉၀/၆၂၀ ကျပ်
အောက်တိန်း ၉၂	၆၂၀/၆၅၀ ကျပ်
အောက်တိန်း ၉၅	၇၃၀/၇၅၀ ကျပ်
ပရီမီယံဒီဇယ်	၆၅၀/၆၇၀ ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

	မန္တလေး
ဒီဇယ်	၆၄၀/၆၈၀ ကျပ်
အောက်တိန်း ၉၂	၇၀၀/၇၂၀ ကျပ်
အောက်တိန်း ၉၅	၈၂၀/၉၀၀ ကျပ်
ပရီမီယံဒီဇယ်	၇၂၀/၇၄၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀-၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၀၃
ဥရောပ	တစ်ယူရို	၁၃၉၉.၉
စင်ကာပူ	တစ်ဒေါ်လာ	၇၁၄.၆၄
ထိုင်း	တစ်ဘတ်	၃၆.၀၄၄
အိန္ဒိယ	တစ်ရူပီး	၁၉.၅၈၉
တရုတ်	တစ်ယွမ်	၁၉၉.၇၇
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၇၁

ခင်ရတနာ-စုစည်းသည်။

ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပသည့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

သာသနာရေးဝန်ကြီးဌာန (၂၃) ကြိမ်မြောက် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုသလအမှူးပြုသော ပင့်သံဃာအရှင်သူမြတ်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌထံမှ ငါးပါးသီလခံယူပြီး ဩဝါဒကထာနာယူသည်။ ထို့နောက် သင်တန်းမှူး ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမသာရက သင်တန်းများနှင့်စပ်လျဉ်း၍ လျှောက်ထားပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့တက်ရောက်လာသော အလှူရှင်များက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာအောင်ပုဂ္ဂိုလ်များအား ဆုတံဆိပ်များ၊ အောင်လက်မှတ်များချီးမြှင့်သည်။ **(ယာပုံ)** ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာအောင်ပုဂ္ဂိုလ်များအား ဂုဏ်ပြုအားပေးစကား ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်သူလယ်သမား ကရင်တိုင်းရင်းသားတို့ နှစ်သစ်ကူးပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

သာပေါင်း ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာ၌ ဆရာတော် ဘဒ္ဒန္တကုန္ဒက (မဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်မြတ်အမှူးပြု၍ ကရင်တိုင်းရင်းသား နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၀ ရက် ကရင်သက္ကရာဇ် ၂၇၅၅၊ (သလေးထိုင်ခုတ်ဖို)၊ မြန်မာသက္ကရာဇ် ၁၃၇၇ခုနှစ် ပြာသိုလဆန်း ၁ ရက် နံနက် ၆ နာရီတွင် ငှက်ပျောတောကျေးရွာ သာသနာ့ဝေပုလ္လခါတော်မီကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပရာ ကွမ်းခြံစု၊ ကုလားဝဲ၊ ငှက်ပျောတော၊ တံခွန်တိုင်၊ ရှမ်းချောင်၊ ကန်ယားကုန်း၊ ဥသျှစ်၊ မယ်ဝင်းချောင်ကျေးရွာများမှ ကရင်တိုင်းရင်းသားအမျိုးသား အမျိုးသမီး ၁၀၀၀ ကျော် တက်ရောက်ကြပြီး အလံတင်အခမ်းအနား ကျင်းပသည်။ **(ဝဲပုံ)**

"ငှက်ပျောတောကျေးရွာအုပ်စုရှိ ရွာတွေမှာ တောင်သူလယ်သမား၊ ကရင်တိုင်းရင်းသား အများစုနေထိုင်ကြတယ်။ ဒီနှစ် ရေကြီးနစ်မြုပ်မှု နှစ်ကြိမ်တိုင်တိုင် ခံစားလိုက်ရလို့ ရွာသူ ရွာသားတွေ အတော်နွမ်းပါးရှာပါတယ်။ ဒါပေမယ့် အမျိုးဘာသာ စည်းလုံးညီညွတ်မှုနဲ့ အခုလိုကရင်နှစ်သစ်ကူးပွဲတော်မှာ စည်းစည်းလုံးလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲတာ မြင်တွေ့ရလို့ အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါတယ်" ဟု ငှက်ပျောတောဆရာတော်ဘဒ္ဒန္တကုန္ဒက မဟာသဒ္ဓမ္မဇောတိကဓဇအရှင်မြတ်က မိန့်ကြားတော်မူကြောင်း သိရသည်။

လှကြည်(ပုသိမ်)

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၁၀

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဇန်နဝါရီ ၁၁ ရက်တွင် ကချင်ပြည်နယ်၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

(မြန်မာ့အလင်း)

◆ *ကျောဖုံးမှ*

ခရက်ဒစ်ကတ်ဆိုတာကတော့ အကြွေးဝယ်ကတ်ဆိုတာ အားလုံးသိနားလည်ကြပါတယ်။ နိုင်ငံတကာမှာတော့ ခရက်ဒစ်ကတ်ကို အမျိုးအစားနှစ်မျိုးနဲ့ အသုံးပြုကြတယ်။ ပထမအမျိုးအစားက ခရက်ဒစ်ပေးမယ့် သက်ဆိုင်ရာဘဏ်ရဲ့မူဝါဒနဲ့ လမ်းညွှန်ချက်တွေအတိုင်း သုံးစွဲတဲ့သူရဲ့ နောက်ခံသမိုင်း၊ ငွေကြေးခိုင်မာမှု၊ အာမခံမယ့်သူရဲ့ ဝင်ငွေရရှိမှုအခြေအနေ အစရှိတဲ့ အချက်အလက်တွေပေါ် မူတည်ပြီး သုံးစွဲနိုင်မယ့် ငွေပမာဏကို သတ်မှတ်ပေးထားတဲ့ Unsecured Credit ကတ်ဖြစ်တယ်။ အခု ကျွန်မတို့ဆီကထုတ်ပေးမယ့်ကတ်က အာမခံငွေသွင်းထားစရာမလိုပါဘူး။ ဒုတိယအမျိုးအစားက Secured Credit ကတ်ပါ။ ဒီကတ်ကလည်း Credit အသုံးပြုတဲ့ နောက်ခံသမိုင်းမရှိသေးတဲ့ သူတွေအတွက် သတ်မှတ်ထားတာပါ။ ဒီကတ်ကို အသုံးပြုမယ်ဆိုရင် ဘဏ်မှာ စာရင်းသေအပ်ငွေကို အာမခံအဖြစ်ထားရှိပေးရပါမယ်။ ဒါကြောင့် နိုင်ငံတကာမှာ အကြောင်းအမျိုးမျိုးကြောင့် Unsecured ကတ်ကို အသုံးပြုခွင့် မရရှိသေးတာကြောင့် ကနဦးဘဏ်ကနေ အချိန်ကာလတစ်ခုထိ Secured ကတ်ကို စတင်အသုံးပြုစေပြီးမှ Unsecured ကတ်ကိုအသုံးပြုခွင့်ပေးကြပါတယ်" ဟု ဧရာဝတီဘဏ်ကတ်ဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ မနန်းစောခမ်းဖြူက ပြောသည်။

ယခုအခါ ဧရာဝတီဘဏ်အနေဖြင့် Unsecured ကို ကနဦး ပြည်သူများ စတင်အသုံးပြုနိုင်ရန် ထုတ်ဝေသွားမည်ဖြစ်ပြီး ပြည်သူများသုံးစွဲမှုအခြေအနေပေါ် မူတည်ကာ Secured ကတ်ကို ထုတ်ပေးသွားမည်ဖြစ်သည်။ Unsecured ကတ်ကို ပြည်သူများအတွက် စတင်အသုံးပြုစေခြင်းသည် အာမခံငွေသွင်းထားစရာမလိုဘဲ ဝင်ငွေပြနိုင်သူ လူလတ်တန်းစားမရွေး ကတ်ကိုအသုံးပြုနိုင်စေရန်နှင့် အဆိုပါကတ်သည် မိမိရရှိသည့်ဝင်ငွေ၏ သုံးဆခွဲအထိ ကြိုတင်သုံးစွဲခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ ယင်းကတ်သည် ကတ်ပြုလုပ်ပြီး ရက်ပေါင်း ၅၀ အထိ အတိုးနှုန်းကင်းလွတ်ခွင့်ပေးထားကာ ကင်းလွတ်ခွင့်ကာလအတွင်းမှာ သုံးစွဲခဲ့သည့်ငွေပမာဏအပြည့်ကို ပြန်ဆပ်မည်ဆိုလျှင် အတိုးပေးစရာလိုမည်မဟုတ်သော်လည်း ကင်းလွတ်ခွင့်ကာလကျော်လွန်မှသာ သုံးစွဲမှုပမာဏပေါ် မူတည်၍ ပေးချေရမည်ဖြစ်သည်။ ထိုသို့ပေးဆောင်ရာတွင်လည်း ကျန်ရှိနေသည့် ငွေပမာဏပေါ်မှာသာ တစ်လကို အတိုးနှုန်း ၁ ဒသမ ၀၈ ရာခိုင်နှုန်းကို သုံးစွဲသူက ပေးဆောင်ရမည်ဖြစ်သည်။

" ဒီခရက်ဒစ်ကတ် စနစ်ကသုံးစွဲသူအနေနဲ့ အင်တာနက်၊ အီးမေးလ်တော့ ရှိရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အသုံးပြုတဲ့သူတွေရဲ့အီးမေးလ်လိပ်စာထဲကို လစဉ်ငွေစာရင်းရှင်းတမ်းတွေ ပေးပို့သွားရမှာပါ။ အဲဒီမှာ ကောင်းတဲ့အချက်က ဒီကတ်ကိုသုံးပြီး တစ်လအတွင်းမှာ ငွေဘယ်လောက်သုံးမိခဲ့လဲ။ ဘာတွေဝယ်ခဲ့လဲဆိုတာ သုံးစွဲသူက အသေးစိတ်ကို လစဉ် အလွယ်တကူ သိရှိနိုင်ပါတယ်။ ဒီကတ်ကို ဧရာဝတီဘဏ်မှာလျှောက်မယ်ဆိုရင် အသက် ၂၁ နှစ်ပြည့်ပြီး မြန်မာပြည်မှာ အမြဲတမ်းနေထိုင်တဲ့ လခစားဝန်ထမ်း၊ ကိုယ်ပိုင်လုပ်ငန်းရှင်နဲ့ အငြိမ်းစားဝန်ထမ်းတွေ စတဲ့ ပြည်သူတွေ လျှောက်ထားနိုင်မှာဖြစ်တယ်။ လျှောက်တဲ့အခါမှာလည်း အိမ်ထောင်စုစာရင်း၊ ကုမ္ပဏီ ထောက်ခံချက် စတဲ့လိုအပ်ချက် စာရွက်စာတမ်းတွေအပြင် ဧရာဝတီဘဏ်မိသားစုဝင်တစ်ဦးနဲ့ အခြားနီးစပ်ရာ ပြည်သူတစ်ဦးက ထောက်ခံပေးရမှာဖြစ်ပါတယ်" ဟု မနန်းစောခမ်းဖြူက ထပ်မံရှင်းပြသည်။

ယင်းခရက်ဒစ်ကတ်ကို အခမဲ့ထုတ်ပေးမည်ဖြစ်ပြီး ကတ်ပျောက်ဆုံးပါက ချက်ချင်းအကြောင်းကြားနိုင်ကာ ကတ်အသစ်ပြန်လျှောက်လိုလျှင် အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ အဆိုပါခရက်ဒစ်ကတ်ကို လောလောဆယ်အနေဖြင့် ပြည်တွင်းမြို့ကြီးများဖြစ်သည့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့ကြီးများမှ MPU တံဆိပ်ကပ်ထားသည့် ဈေးဆိုင်၊ စားသောက်ဆိုင်၊ ကုန်တိုက်စသည့် နေရာများတွင် အသုံးပြုဝယ်ယူနိုင်မည်ဖြစ်ပြီး နောက်ပိုင်း လုပ်ငန်းရှင်များအချင်းချင်းတွင်လည်း လုပ်ငန်းပိုမိုတွင်ကျယ်စေရန် ထပ်မံတိုးချဲ့လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ယခုမြန်မာနိုင်ငံတွင် ပထမဆုံးထုတ်ပေးမည့် ခရက်ဒစ်ကတ်ကို ဧရာဝတီဘဏ်အနေဖြင့် ပလက်တီနမ်ကတ်၊ ရွှေကတ်နှင့် ငွေကတ်တို့ကို ဝင်ငွေအဆင့်ပေါ် မူတည်ကာ သတ်မှတ်ထုတ်ပေးသွားမည်ဖြစ်ပြီး အတိုးနှုန်းမှာလည်း သုံးစွဲသည့်ငွေပမာဏပေါ် မူတည်ကာ တစ်လလျှင် ၁ ဒသမ ၀၈ ရာခိုင်နှုန်းသာ ပေးချေရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြော

လှိုင်းဘွဲ့ ဇန်နဝါရီ ၁၀

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဇန်နဝါရီ ၈ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဆန်းက စားသုံးသူများ၏အခွင့်အရေးများ၊ သတိပြုရမည့်အချက်များ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်ကြောင်းဟောပြောပြီး မြို့နယ်ဥပဒေအရာရှိ ဦးထွန်းလင်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ အငြင်းပွားမှုများပေါ် ပေါက်လာပါက စီမံခန့်ခွဲရေးပြစ်ဒဏ်အကြောင်းများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရ သည်။

(မြို့နယ် ပြန်/ဆက်)

အမေရိကန်စစ်သင်္ဘောအနီး အီရန်ဒုံးကျည်များပစ်ခတ်မှု ဗီဒီယိုအမေရိကန်ထုတ်ပြန်

ဝါရှင်တန် ဇန်နဝါရီ ၁၀

ဟော်မုဇ် ရေလက်ကြားရှိ အမေရိကန် လေယာဉ်တင်သင်္ဘော USS Harry S Truman အပါအဝင် စစ်သင်္ဘောများအနီး ဒီဇင်ဘာ ၂၆ ရက်က အီရန် တော်လှန်ရေးအစောင့်တပ် ရေတပ်သင်္ဘောတစ်စင်းမှ ပဲ့ထိန်းမပါသော ဒုံးကျည်များ ပစ်လွှတ်ခဲ့သည့် အဖြူအမည်း ဗီဒီယိုမှတ်တမ်းတစ်ခုကို အမေရိကန်ရေတပ်က စနေနေ့တွင် ထုတ်ပြန်လိုက်သည်။

အီရန် အစောင့်တပ်က အဆိုပါဒုံးကျည်များ ပစ်လွှတ်ခဲ့ခြင်းအပေါ် ဒီဇင်ဘာ ၃၁ ရက်တွင် အီရန်တို့က ငြင်းဆိုခဲ့သည်။ ယင်းလုပ်ရပ်မှာ ဝါဒဖြန့်စွပ်စွဲမှုတစ်ခုသာ ဖြစ်သည်ဟု အီရန်အစောင့်တပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ဒီဇင်ဘာ ၂၆ ရက်က ပစ်ခတ်လိုက်သော အီရန်ဒုံးကျည်များသည် အမေရိကန် ဖျက်သင်္ဘော USS Bulkeley၊ ပြင်သစ်ရေတပ်သင်္ဘော FS Provence နှင့် အဆိုပါ လမ်းကြောင်းရှိ ကုန်တင်သင်္ဘောများအနီး ဖြတ်သန်းသွားခဲ့ကြောင်း ရေဒါပုံရိပ်တွင် တွေ့ရကြောင်း အမေရိကန်တို့က ပြောသည်။

စက္ကန့် ၃၀ ကြာသည့် အဆိုပါ ဗီဒီယိုမှတ်တမ်းကို ဆီးဟော့ ရဟတ်ယာဉ်မှ ရိုက်ကူးခဲ့ပြီး ဒုံးကျည်များကို နိုင်ငံတကာအသိအမှတ်ပြု ရေလမ်းကြောင်းအတွင်း ပစ်ခတ်ခဲ့ရာ အမေရိကန် စစ်သင်္ဘောများအနီးမှ ဖြတ်သန်းသွားခဲ့သည်ဟု ဆိုသည်။

(ရိုက်တာ)

ဒုက္ခသည်ဆန့်ကျင်ရေး အကြမ်းဖက်ဆန္ဒပြသူများကို ဂျာမန်ရဲများနှိမ်နင်း

ဘာလင် ဇန်နဝါရီ ၁၀

နှစ်သစ်ကူးညက ဂျာမနီတွင် အမျိုးသမီးများကိုပစ်မှတ်ထားတိုက်ခိုက်ခံရသည့်အတွက် ဂျာမနီနိုင်ငံ အနောက်ပိုင်းရှိ ကိုလိုဂျင်မြို့တွင် စနေနေ့က လူပေါင်းများစွာ ဆန္ဒပြခဲ့ကြပြီး ရဲများကို ကျောက်တုံးများ၊ ပုလင်းများ၊ မီးရှူးများနှင့်ပစ်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့ဝင်များက မီးသတ်ပိုက်များနှင့် မျက်ရည်ယိုဗုံးများကို အသုံးပြု၍ လူစုခွဲခဲ့ရသည်။

အဆိုပါ ပဋိပက္ခအတွင်း ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် သတင်းစာဆရာတစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲဌာနမှ သိရသည်။ ဆန္ဒပြသူ ၁၇၀၀ အနက် ၅၀၀ မှာ အရှေ့အလယ်ပိုင်းမှ ပြောင်းရွှေ့အခြေချနေထိုင်သူများကို ဆန့်ကျင်သည့် ပီဂျီဒါအဖွဲ့အစည်းကို ထောက်ခံသည့်သူများဖြစ်သည်ဟု ရဲများကပြောသည်။ လူ ၁၅ ဦးကို ဖမ်းဆီးထားပြီး ရဲများက ဗီဒီယိုရိုက်ကူးထားသည့်အပေါ် အခြေခံ၍ ဖမ်းဆီးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆန္ဒပြသူများသည် နှစ်သစ်ကူးညက အမျိုးသား ၁၀၀၀ ဝန်းကျင်က အမျိုးသမီးများကို အဓိကပစ်မှတ်ထား၍ လုယက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့်အတွက် ဆန္ဒပြကြခြင်းဖြစ်သည်။

အဆိုပါညက အမျိုးသမီး ၁၇၀ ထက်မနည်း နှောင့်ယှက် တိုက်ခိုက်ခြင်း ခံရသည်။

ဂျာမန်ရဲစုံထောက်အဖွဲ့မှ ၃၂ မှုကို စုံစမ်းထောက်လှမ်းခဲ့ပြီး သံသယရှိသူ ၃၁ ဦးကို အမည်ဖော်ထုတ်နိုင်ခဲ့ကြောင်း ဂျာမန်မီဒီယာတစ်ခုက သောကြာနေ့တွင် ပြောသည်။ သံသယရှိသူများထဲမှ သုံးပုံနှစ်ပုံ မှာ စစ်ဘေးဒုက္ခကြောင့် ခိုလှုံခွင့်ပေးထားသူများဖြစ်သည်ဟု ဂျာမန်ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **(ဆင်ဟွာ)**

ဆီးရီးယားနိုင်ငံရှိ သူပုန်ထိန်းချုပ်ရာမြို့တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ၅၇ဦးသေဆုံး

ဘေရွတ် ဇန်နဝါရီ ၁၀

ယခုလအတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြင်ဆင်မှုတစ်ရပ်အဖြစ် ကုလသမဂ္ဂအထူးသံတမန်ဒမတ်စကတ်သို့လာရောက်စဉ်စနေနေ့တွင် ဆီးရီးယားသူပုန်ထိန်းချုပ်ရာမြို့တစ်မြို့ကို လေကြောင်းမှတိုက်ခိုက်ခဲ့သဖြင့် လူအများအပြား သေဆုံးသွားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်းဒလစ်ပြည်နယ်မားရက်အယ်လ်နုမန်းမြို့ရှိ အကျဉ်းစခန်းနှင့်တရားရုံးကို ထိမှန်ခဲ့ရာ လူ ၅၇ ဦးထက်မနည်း သေဆုံးသွားကြောင်း၊ ယင်းတိုက်ခိုက်မှုကို ရုရှားဂျက်လေယာဉ်များက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားရုံးမှာ အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော နူဆရာ တပ်ဦးမှ ဖွင့်လှစ်ထားကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

ရုရှားတို့အနေဖြင့် စက်တင်ဘာလကတည်းက ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်ကို ထောက်ခံသည့်အနေဖြင့် ဆီးရီးယားကိုလေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ တရားရုံးအဆောက်အအုံကို ဒုံးကျည်လေးလုံးထိမှန်ခဲ့ရာ

အမျိုးသမီး သုံးဦး၊ ကလေးတစ်ဦးအပါအဝင် နူဆရာတပ်ဦးအဖွဲ့ဝင် ၂၃ ဦးသေဆုံးခဲ့သည်ဟု အဆိုပါ လူ့အခွင့်အရေးအဖွဲ့က ပြောသည်။

(ရိုက်တာ)

မြောက်ကိုရီးယားဗုံးစမ်းသပ်မှုအပေါ် လက်တုံ့ပြန် အမေရိကန်ဗုံးကြဲလေယာဉ် ကိုရီးယားကျွန်းဆွယ်အပေါ် ပျံသန်း

အမေရိကန် B-52 ဗုံးကြဲလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ဆိုးလ် ဇန်နဝါရီ ၁၀

မြောက်ကိုရီးယားကလွှန်ခဲ့သောသီတင်းပတ်တွင် ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်ခဲ့ပြီးနောက် အင်အားပြသမှုတစ်ရပ်အဖြစ် အမေရိကန်က ၎င်းတို့၏ မဟာမိတ် တောင်ကိုရီးယားနိုင်ငံသို့ တနင်္ဂနွေနေ့တွင် B-52 ဗုံးကြဲ လေယာဉ်တစ်စင်း အနိမ့်ပျံသန်းလျက် ဖြန့်ကြက်ခဲ့သည်။

ဗုဒ္ဓဟူးနေ့က ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်မှုသည် အမေရိကန်၏ နျူကလီးယား ခြိမ်းခြောက်မှုကို ဆန့်ကျင်လျက် မိမိနိုင်ငံအားကာကွယ်ရေးမူဝါဒအဖြစ် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းက ဆုပ်ကိုင်ထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ စတုတ္ထမြောက် နျူကလီးယားစမ်းသပ်မှုသည် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ကို ဒေါသထွက်စေခဲ့သည်။

သို့သော်လည်း အမေရိကန်အစိုးရနှင့် လက်နက်ကျွမ်းကျင်သူများက မြောက်ကိုရီးယားနိုင်ငံ၏ ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်မှုအပေါ် သံသယဖြစ်နေဆဲဖြစ်သည်။

ဂူအန်တွင် အခြေစိုက်သည့် အဆိုပါ ဗုံးကြဲလေယာဉ်ကြီးသည် နျူကလီးယား လက်နက်များကို သယ်ဆောင်သွားနိုင်ခဲ့သည်။

ယင်းလေယာဉ်သည် ဂူအန်သို့ ပြန်လည်မဆင်းသက်မီ အမေရိကန် F-16 တိုက်လေယာဉ်နှင့် တောင်ကိုရီးယား F-15 တိုက်လေယာဉ် နှစ်စင်းခြံရံလျက် အိုဆန်လေတပ် အခြေစိုက်စခန်းအပေါ် အနိမ့်ပျံသန်းခဲ့ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။

အိုဆန်လေတပ် အခြေစိုက်စခန်းသည် မြောက်ကိုရီးယားနယ်စပ်မှ ၆၂ မိုင်သာ ကွာဝေးသည်။

ယင်းပျံသန်းမှုသည် မြောက်ကိုရီးယား၏ မကြာသေးမီက ရန်လိုမှုအပေါ် တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောသည်။

အမေရိကန်အနေဖြင့် ကိုရီးယားကျွန်းဆွယ် တည်ငြိမ်ရေးနှင့် တောင်ကိုရီးယားနိုင်ငံကို ကာကွယ်ပေးရန် တာဝန်ရှိကြောင်း အမေရိကန် ဒုတိယဗိုလ်ချုပ်ကြီး တာရန်အိုရှောင်နက်ဘေးက ပြောသည်။

(ရိုက်တာ)

ယီမင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရွှေ့ဆိုင်းဖွယ်ရှိ

အေဒင်(ယီမင်) ဇန်နဝါရီ ၁၀

ဆော်ဒီကျောထောက်နောက်ခံပြုထားသည့် ယီမင်အစိုးရက စစ်ဖြစ်ပွားရာဒေသတွင်ပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဇန်နဝါရီလကုန်ထိ ရွှေ့ပြောင်းဖွယ်ရှိသည်ဟု ကြေညာခဲ့သည်။

ကုလသမဂ္ဂကကြီးမှူး၍ပြုလုပ်မည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်တွင်ကျင်းပရန်လျာထားသော်လည်း လကုန်ပိုင်းအထိရွှေ့ဆိုင်းရန် အစီအစဉ်ရှိသည်ဟု အစိုးရဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ရှီးယိုက်ဟူသီအုပ်စုနှင့်၎င်း၏ မဟာမိတ်တပ်ဖွဲ့များသည် အဆင့်မြင့်နိုင်ငံရေး အကျဉ်းသားများကိုလွှတ်ပေးရန်နှင့် Taiz ဒေသရှိ လမ်းများကို ပြန်ဖွင့်ပေးရန်ဟူသည့် အချက်များကိုလိုက်နာခဲ့ခြင်းမရှိဟု ၎င်းကဆက်လက်ပြောသည်။

ယီမင်သမ္မတဟောင်းဆေလက်ရှ်က ရေကြောင်းပိတ်ဆို့မှုများကို ဖယ်ရှားပေးပြီးနောက် နိုင်ငံခြားတပ်ဖွဲ့ဝင်များ ယီမင်နိုင်ငံမှဆုတ်ခွာပေးမှသာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပမည်ဟု ပြောသည်။

၂၀၁၄ ခုနှစ်ကရှီးယိုက်ဟူသီအုပ်စုသည် တိုင်းပြည်အတွင်းဝင်ရောက်တိုက်ခိုက်ခဲ့ပြီးမြို့တော်ဆာနားမှ သမ္မတဟာဒီကိုပြည်နှင်ဒဏ်ပေးခဲ့သည်။

ဟူသီသူပုန်များကို ကျောထောက်နောက်ခံပြုထားသည့် သမ္မတဟောင်းဆေလက်ရှ်နှင့် အစိုးရတပ်ဖွဲ့ဝင်များကြားတိုက်ခိုက်မှုများမှာ ပြင်းထန်သည့် ပြည်တွင်းစစ်အဖြစ် အသွင်ကူးပြောင်းသွားခဲ့သည်။

ဆော်ဒီဦးဆောင်သည့်မဟာမိတ်တပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့်ယီမင်နိုင်ငံသား ထောင်ပေါင်းများစွာ သေကျေပျက်စီးခဲ့ပြီးလူပေါင်းများစွာသည်နေရပ်မှ စွန့်ခွာထွက်ပြေးလျက်ရှိသည်။

(ဆင်ဟွာ)

ရောဝတီမြစ်ဝကျွန်းပေါ်မှ ရန်ကုန်ပြည်လမ်းသို့ ဆက်သွယ်နိုင်မည့် ကုက္ကိုဝတံတားကြီး

ဟေမန်ဆောင်းရာသီ၏ လေနုအေးကြောင့် ကုက္ကိုဝမြစ်ကမ်းနဖူးရှိ တောတန်းတို့သည် မြူငွေ့တို့ရစ်သိုင်းလျက်။ ထွက်ပြူစ နေခြည်နုနု၏အောက်ဝယ် ကုက္ကိုဝတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ရှိ ဝန်ထမ်းနှင့် လုပ်သားများသည် တက်ကြွလန်းဆန်းသော အားအင်တို့ဖြင့် လုပ်ငန်းခွင်ဝင်ဖို့ တာစူနေကြပြီ ဖြစ်သည်။

ကုက္ကိုဝတံတား တည်ဆောက်ရေးစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ လှိုင်မြစ်ကိုဖြတ်သန်း တည်ဆောက်နေခြင်းဖြစ်သည်။ ထန်းတပင်မြို့နယ် အမှတ်(၃)ရပ်ကွက် ဘုရင့်နောင်လမ်းအတိုင်း လှိုင်မြစ်(ကုက္ကိုဝမြစ်)ကိုဖြတ်၍ ကုက္ကိုဝတံတားမှ ဧရာဝတီတိုင်းဒေသကြီးသို့ အချိန်အခါမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။ အဆိုပါတံတား စီမံကိန်းကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကာ မတ်လကုန်တွင် အပြီးတည်ဆောက်မည်ဟု သိရသည်။

ဘောလည်ကျွန်းမှ ထန်းတပင်မြို့သို့ ဖြတ်သန်းရာတွင် စက်လှေဖြင့်သာ သွားလာရသည့်အတွက် ယာဉ်များဖြတ်သန်းရာတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ ယခုအခါ ကုက္ကိုဝတံတားကို တည်ဆောက်နေပြီဖြစ်၍ ထန်းတပင်မြို့နယ်မှ ရန်ကုန်-ပုသိမ်ကား လမ်းမကြီးသို့ သွားလာနိုင်မည့် နည်းတူ ဒဂုံ-ဧရာအဝေးပြေး၊ လှိုင်သာယာစက်မှုဇုန်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ အချိန်အခါမရွေး သွားလာနိုင်တော့မည်ဖြစ်ရာ အမြင်နီးပြီး ခရီးလည်းမဝေးတော့ပြီဖြစ်သည်။

ကုက္ကိုဝတံတားလုပ်ငန်းခွင်တွင် ဝန်ထမ်းနှင့်လုပ်သားအင်အား ၂၀၀ ခန့်ဖြင့် မြစ်တစ်ဖက်တစ်ချက်စီတွင် ပြိုင်တူ တံတားတည်ဆောက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေး(၂)မှ အဖွဲ့အသစ်ဖြင့် လုပ်ငန်းခွင်ဝင်ရောက်နေသည်မှာ နှစ်လရှိပြီဖြစ်သည်။ ယခုအခါ တံတားမှာ ၇၁ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေး(၂)မှ ဦးစီးအရာရှိ AE ဦးသက်ဝေက ရှင်းပြသည်။

"ဒီတံတားက ရန်ကုန်တိုင်းနဲ့ ဘောလည်ကျွန်းကို ချိတ်ဆက်ပေးတဲ့တံတားပါ။ ရေလယ်တိုင်ပြီးတာနဲ့ အပေါ်သံပေါင်လုပ်ငန်း ဆက်လုပ်သွားမယ်။ ဟိုဘက်ဒီဘက် သံပေါင်လုပ်ငန်းကို တစ်ပြိုင်တည်းလုပ်သွားမှာပါ" ဟု ဆိုသည်။

လုပ်ငန်းခွင်အခက်အခဲတစ်ခုမှာ မြစ်ရေကျချိန် သုံးနာရီအတွင်း ရေလယ်တိုင်လုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ ဘိုးပိုင်တူးရာတွင် ရေတက်၊ ရေကျကိုချိန်၍ လုပ်ဆောင်ရပြီး ပိုင်တိုင်ထိပ်အုပ်လုပ်ငန်း ပြီးစီးသောအခါ ရေကျချိန်တွင် ကြမ်းခင်းသံဆင်ခြင်းလုပ်ငန်းကို သုံးနာရီအတွင်း လုပ်ဆောင်ရ၍ ညပိုင်းတွင် အန္တရာယ်ရှိသည့်အတွက် အချိန်လုပြီး လုပ်ဆောင်ရကြောင်း၊ ရေကျချိန်တွင် အချိန်လု၍လုပ်ဆောင်ရသော ပိုင်တိုင်ထိပ်အုပ်ခြင်းလုပ်ငန်းသည် အခက်ခဲဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး မြစ်ရေနှင့်လွတ်သော လုပ်ငန်းခွင်သို့ရောက်ရှိပါက နေ့ဆိုင်း၊ညဆိုင်းခွဲ၍ လုပ်ဆောင်နိုင်ပြီဖြစ်သည့်အတွက် လုပ်ငန်းမြန်ဆန်သွားပြီဖြစ်ကြောင်း ဦးသက်ဝေက ဆက်ပြောသည်။

ရေယာဉ်များဖြတ်သန်းမှုကိုလည်း တံတားလုံခြုံရေးအတွက် ဂရုစိုက်ဆောင်ရွက်ရကြောင်း၊ RP(2) နှင့် (3)ကို ရေလမ်းကြောင်းအဖြစ် ဖွင့်ပေးထားပြီး ရေကြောင်းအချက်ပြအဖြစ် အလံတိုင်များဖြင့် သတိပေးအမှတ်အသား စိုက်ထူထားကြောင်း၊ ဇန်နဝါရီလလယ် သို့မဟုတ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် လက်ရှိရေယာဉ်များဖြတ်သန်းနေသော RP(3) နှင့် (4)ကြားရှိ ရေလမ်းကြောင်းကို ပိတ်၍သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို လုပ်ဆောင်သွားမည်ဖြစ်သောကြောင့် ကြိုတင်အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

တံတား၏ အရှည်သည် ၂၂၇၈ ပေ ၈ လက်မဖြစ်ပြီး ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း၇၅ တန်ဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်အဖြစ် ရေအတက်ဆုံးအချိန်တွင် အမြင့် ၁၂ မီတာ၊ အကျယ် မီတာ ၁၀၀ ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ်မှာ ၈ ဒသမ ၅ မီတာရှိပြီး ရှစ်လမ်းသွားဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးမှလာသော ခရီးသွားပြည်သူများအနေဖြင့် ရန်ကုန်မြို့၏ ယာဉ်ကြောထူထပ်မှုကို ရှောင်ကျဉ်ကာ ပုသိမ်-ရန်ကုန်လမ်းမှသည် ထန်းတပင်လမ်းမှတစ်ဆင့် ကုက္ကိုဝတံတားကိုဖြတ်၍ ရန်ကုန်-ပြည်လမ်းမကြီးသို့ သွားလာနိုင်မည်ဖြစ်ပြီး ပြည်လမ်းမှ ရေတွင်းကုန်းလမ်းဆုံ(မှော်ဘီ)မှ လှိုင်သာယာအနောက်ပိုင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်သို့ ယာဉ်ကြောရှင်းရှင်းဖြင့် သွားလာနိုင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွက် မဟာဗျူဟာအရ၊ ကုန်စည်စီးဆင်းမှုအရ အရေးပါသော လမ်းဖြစ်သည့်အတွက် ထိုတံတားကို နိုင်ငံတော်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ရေး(၂)မှ တာဝန်ယူဆောင်ရွက်နေသော ကုက္ကိုဝတံတားကြီးသည် မတ်လတွင် ပြီးစီးမည်ဖြစ်၍ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာတော့မည်ဖြစ်ကာ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများ၏ ခရီးသွားလာမှုမှာလည်း အဆင်ပြေလွယ်ကူလာတော့မည်ဖြစ်ပေသည်။ ။

ဆောင်းပါး–မောင်သင်းပျံ့
ဓာတ်ပုံ–သက်ညိမ်

ကြို့ပင်ကောက်မြို့နယ်အသင်း သက်ကြီးပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၀

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ရန်ကင်းမြို့နယ် မိုးကောင်းစေတီ အရိယာဓမ္မာရုံ၌ ဇန်နဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

သက်ကြီးပူဇော်ပွဲတွင် ဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး အသင်းဥက္ကဋ္ဌ ဒေါ်ယုဇော်က အမှာစကားပြောကြားကာ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် အမျိုးသမီးစွမ်းဆောင်ရည်ဆုရရှိသူများအား အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် အသင်း၏ အစီရင်ခံစာနှင့်ပတ်သက်၍ အသင်းဝင်များက ဆွေးနွေးခဲ့ကြပြီး အသင်းဝင်ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းမောင်(ရန်ကင်း)

ချောက်မြို့ပြည်သူ့ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခြင်းစုပေါင်းဆောင်ရွက်

ချောက် ဇန်နဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ဆောင်ရွက်လျက်ရှိရာ ချောက်မြို့ပြည်သူ့ဈေးကြီး၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ် မီးသတ်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က မီးသတ်ရေယာဉ်နှစ်စီးဖြင့် ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ၊ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ ဈေးစည်ပင်ကော်မတီဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များကလည်း ပူးပေါင်းလေ့ကျင့်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်မှုကို မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် တာဝန်ရှိသူများကလည်း လာရောက်ကြည့်ရှုအားပေးခဲ့ကာ မြို့နယ်စည်ပင်(ဈေး) ဒုတိယဦးစီးမှူး ဦးမြင့်သူက ချောက်မြို့ ပြည်သူ့ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို မြေပုံနှင့်တကွ ရှင်းလင်းပြသခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ပြောကြားခဲ့ကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

မွန်ပြည်နယ် သတင်းစာဆရာအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၁၀

မွန်ပြည်နယ် မြန်မာနိုင်ငံသတင်းစာဆရာအသင်းက မွန်ပြည်နယ်အတွင်းမှ သက်ကြီးသတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်ရှိ ဒေါက်တာလှဘေစာကြည့်တိုက်၌ ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ကန်တော့ပွဲတွင် ဆရာကြီးဦးတင်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မွန်ပြည်နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းလှိုင်က မွန်ပြည်နယ် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ဆရာကြီးများအား ပူဇော်ကန်တော့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အသင်းသား အသင်းသူများက ကန်တော့ခံသတင်းစာဆရာကြီးများအား လက်ဆောင်ပစ္စည်းနှင့် အလှူငွေများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(မော်လမြိုင်)

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) စုံညီအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ကျင်းပနိုင်ရေးအတွက် နောက်ဆုံးအကြိမ် ကျင်းပသည့် စတုတ္ထအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake Views Resort ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပရေးအတွက် လိုအပ်သည့် အချက်များကို အသေးစိတ်ဆွေးနွေး ညှိနှိုင်းကြကြောင်း သိရသည်။

(ယာပုံ) (သတင်းစဉ်)

City FM တေးသံရှင်များ ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်အသံလွှင့်ဌာန City FM ၏ (၁၄) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညပိုင်းက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်း စင်တာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၁၅ ခုနှစ် ကြော်ငြာအများဆုံး ထည့်သွင်းသည့် ကြော်ငြာလုပ်ငန်းအေဂျင်စီ Galang Cosmetic နှင့် စီးပွားရေးလုပ်ငန်းရှင် Sound Impact တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ရွှေနေခြည်ကုမ္ပဏီက ရွှေဆွဲပြားများပေးအပ်ချီးမြှင့်သည်။

City FM (၁၄) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ဆုရရှိသူ အနုပညာရှင်များကို တွေ့ရစဉ်။

ဆက်လက်၍ ၂၀၁၅ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး မြန်မာသံစဉ် တေးစီးရီးသီဆိုသူ အမျိုးသမီးတေးသံရှင်ဆုရ မေသက်ထားဆွေ၊ အမျိုးသားတေးသံရှင် ဝိုင်းလမင်းအောင်နှင့် မြန်မာသံစဉ် တေးစီးရီးထုတ်လုပ်သူဆုရ TNW တေးထုတ်လုပ်ရေးတို့အား လည်းကောင်း၊ ရေပန်းအစားဆုံးနှင့် ပရိသတ် တေးသီချင်းတောင်းဆိုမှုအများဆုံး အမျိုးသမီးတေးသံရှင် နီနီခင်ဇော်၊ အမျိုးသားတေးသံရှင် ရဲရင့်အောင်တို့အားလည်းကောင်း၊ ရောင်းအားအကောင်းဆုံး စတီရီယိုတေးစီးရီးသီဆိုသူ အမျိုးသမီးတေးသံရှင် နီနီခင်ဇော်၊ အမျိုးသားတေးသံရှင် ဝေလနှင့် စတီရီယိုတေးစီးရီးထုတ်လုပ်သူဆုရ H&M တေးထုတ်လုပ်သူတို့အား လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က တေးဂီတဆုရရှိသူအနုပညာရှင်များအား City FM ရုပ်တုဆုများကို တစ်ဦးချင်း ဂုဏ်ပြုပေးအပ်ချီးမြှင့်ပြီး ရွှေနေခြည်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုဇေယျာဖြိုးက ရွှေဆွဲပြားများ ဂုဏ်ပြုပေးအပ်ချီးမြှင့်သည်။

သတင်းနှင့်ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

(၆၂)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံကို ရန်ကုန်မြို့ အမှတ် ၂၄၉ သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ညီလာခံတက်ရောက် လိုသူများအနေဖြင့် ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အတွင်း နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မောင်မောင်**

MNL အမှတ်ပေးပြိုင်ပွဲ ဆက်လက်ကျင်းပခဲ့ပြီး ရှမ်းယူနိုက်တက်အသင်း အပ်နှံပွဲကျင်းပ

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ မကွေး၊ ရတနာပုံနှင့် ဇွဲကပင်တို့အနိုင်ရခဲ့ပြီး ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီတို့ သရေကျခဲ့သည်။

တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ ပွဲမတိုင်မီ ရှမ်းယူနိုက်တက်အသင်းအပ်နှံပွဲကို ကျင်းပသည်။ မွန်းတည့် ၁၂ နာရီမှ စတင်ကာ Iron Cross တီးဝိုင်းနှင့်အတူ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ ယင်းနောက် အသင်းအပ်နှံပွဲကို ကျင်းပရာ ကမ္ဘောဇအသင်းမှ ရှမ်းယူနိုက်တက်အသင်းသို့ အမည်ပြောင်းလဲခွင့်ပြုသည့်စာကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းက ပေးအပ်ရာ ရှမ်းယူနိုက်တက်အသင်း CEO ဦးခွန်နောင်မြင့်ဝေက လက်ခံယူသည်။ ဆက်လက်၍ ရှမ်းယူနိုက်တက် CEO ဦးခွန်နောင်မြင့်ဝေက မိတ်ဆက်စကားပြောကြားပြီး ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးမိုးဆန်းအောင်က ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ် လျှပ်စစ်ဝန်ကြီး ဦးစိုင်းထွန်းရင်ထံ အသင်းအလံကိုပေးအပ်သည်။ ထို့နောက် ရှမ်းယူနိုက်တက်အသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစောလုလုထောနှင့် ဦးလှမျိုးတို့က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ တောင်ကြီးမြို့၌ ဘောလုံးအကယ်ဒမီတည် ဆောက်ရန် အလှူငွေများလှူဒါန်းပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားသည်။ ယင်းနောက် ရှမ်းယူနိုက်တက်အသင်းသားများအား ပရိသတ်နှင့်မိတ်ဆက်ပေးပြီး CEO ဦးခွန်နောင်မြင့်ဝေက ဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။ ပွဲမစတင်မီ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီကစားသမားများကို နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်းက အသင်းအမည် ပြောင်းလဲသည့်စာကို ရှမ်းယူ နိုက် တက်အသင်း CEO ဦးခွန်နောင်မြင့်ဝေထံ ပေးအပ်စဉ်။

ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ပွဲသည် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးသွားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသော်လည်း အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းမရှိဘဲ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဟံသာဝတီအသင်းသည်လည်း အဝေးကွင်း၌ ခပ်မာမာတုံ့ပြန် ကစားသွားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဝင်းမင်းထွဋ်၊ သီဟစည်သူ၊ စိုးမင်းဦး၊ ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်တို့အပါအဝင် နိုင်ငံခြားသားကစားသမားသုံးဦးဖြင့် ပွဲထွက်လာပြီး ဟံသာဝတီအသင်းသည်လည်း နိုင်ငံခြားသားကစားသမားများအပါအဝင် မောင်မောင်လွင်၊ အောင်ဇော်တို့ဖြင့် လူစုံခဲ့သည်။ ဟံသာဝတီအသင်းသည် အဝေးကွင်းဖြစ်သော်လည်း အိမ်ရှင်ရှမ်းယူနိုက်တက်အသင်းကို တုံ့ပြန်ကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံးရရှိသည့် ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်၍ ဂိုးမရှိ သရေပွဲဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ဂိုးသမား သီဟစည်သူကောင်း၍လည်း ရှမ်းယူနိုက်တက်အသင်း ဂိုးမပေးရခြင်းဖြစ်သည်။

YUSC ကွင်း၌ ကစားသောပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် အိမ်ကွင်း၌ မကွေးအသင်းကို နှစ်ဂိုး-တစ်ဂိုး ဖြင့်ရှုံးနိမ့်ခဲ့သည်။ ၁၀ မိနစ်တွင် မောင်မောင်စိုး၊ ၂၁ မိနစ် တွင် ခိုင်ထူးတို့က မကွေးအသင်းအတွက် ဂိုးများစတင်သွင်းယူခဲ့ပြီး ရန်ကုန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၇ မိနစ်တွင် ဒေးဗစ်ဒန်းက သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည်လည်း အိမ်ကွင်းဗထူးကွင်း၌ နောက်မှလိုက်ကစားပြီး ဧရာဝတီကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ခရစ္စတိုဖာက ဧရာဝတီအတွက် ဂိုးစတင်သွင်းခဲ့သော်လည်း ရတနာပုံအတွက် ဝင်းနိုင်စိုးက ချေပဂိုးနှင့် လှိုင်းဘိုဘိုက အနိုင်ဂိုးတို့ သွင်းယူခဲ့သည်။ ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်နေသည့် ဇွဲကပင်အသင်းသည် ကလစ်ဖို့ဒ်၊ အောင်မိုးနှင့် ကင်မ်တို့သွင်းယူသော ဂိုးများဖြင့် ချင်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ကရင်အမျိုးသားတို့၏ ၂၇၅၅ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သာကေတမြို့နယ် အင်းစိန်မြို့နယ်၊ အလုံမြို့နယ်နှင့် ကရင်တိုင်းရင်းသားလူမျိုးများ အများစုနေထိုင်ရာ နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့နံနက် ၅ နာရီခွဲမှ စတင်ကာ သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ကရင်နှစ်သစ်ကူးပွဲတော်တွင် ကရင်တိုင်းရင်းသားများက ဖားစည်တီးပြီး ပဒိုးမှုတ်ကာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားဝန်ကြီး ဦးစောထွန်းအောင်မြင့်က ကရင်အမျိုးသားအလံတော်ကို လွှင့်တင်ပေးခဲ့သည်။

ထို့နောက် တိုင်းရင်းသားကျေးရွာရှိ ကရင်အိမ်၌ သံဃာတော်များအား နှစ်သစ် ဆွမ်းကပ်လှူဒါန်းခြင်း၊ ပြည်ထောင်စုခန်းမ၌ နှစ်သစ်ကျေးဇူးတော် ချီးမွမ်းခြင်းတို့ကို ပြုလုပ်ပြီး အသက် ၇၀ နှင့်အထက် ကရင်သက်ကြီး ဘိုးဘွားများအား ဂါရဝပြု ကန်တော့ကြသည်။

"ရန်ကုန် အရှေ့ပိုင်းခရိုင်နဲ့ တောင်ပိုင်းခရိုင် ကိုယ်စားပြုပြီး ရန်ကုန်အရှေ့ခြမ်း တစ်ခုလုံးမှာရှိတဲ့ ကရင်တိုင်းရင်းသားတွေက ပြည်ထောင်စုခန်းမကြီးမှာ ကရင်နှစ်သစ်ကူးပွဲကို ကျင်းပကြတယ်။ ကရင်နှစ်သစ်ကူးပွဲတော်ကို ကရင်လူမျိုးတွေသာမက၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးလည်း လာကြပါတယ်" ဟု ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစောချစ်မျိုးက ပြောသည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ရန်ကုန်အရှေ့ခြမ်း ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်တွင် တေးသံရှင် ဒေါ်ကေဂျာနူးက နှစ်သစ်သီချင်းသီဆိုပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ယဉ်ကျေးမှုအဖွဲ့၊ ဒုံးအဖွဲ့များ၊ အ. ထ. က သုဝဏ္ဏ၊ အ. လ. က(၂)သယ်န်းကျွန်းတို့မှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကများ၊ ကရင်ဒုံးယိမ်းအကများ၊ ကရင်ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

"ကရင် နှစ်သစ်ကူးပွဲတော်ကို နေရာအနှံ့မှာ ကျင်းပတာ ဝမ်းသာစရာပါ။ တစ်ချိန်က အကြောင်းအမျိုးမျိုးကြောင့် ဒီလို ပွင့်လင်းစွာ လုပ်ဆောင်လို့ မရခဲ့တာတွေ ရှိခဲ့ပါတယ်။ ဒီနေ့ ဒီအချိန်မှာတော့ နေရာအနှံ့အပြားက ကရင်အမျိုးသားတွေရှိတဲ့ နေရာတွေမှာ အင်တိုက်၊ အားတိုက် လုပ်ဆောင်နေကြတဲ့အတွက် ကျင်းပခွင့်ပြုတဲ့ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်"ဟု ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစောချစ်မျိုးက ပြောသည်။

တစ်ချိန်တည်းမှာပင် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဆေးဝက်ပါ အာလိန်ငါးဆင့်တွင် ကရင်တိုင်းရင်းသားရိုးရာ အသုံးအဆောင် ပစ္စည်းပြခန်းများ၊ ပန်းချီပြခန်းများ ဒုံးယိမ်းပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထို့အပြင် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို အင်းစိန်မြို့နယ် မီးရထားကွင်း၌ကျင်းပရာ **(ဝဲပုံ)** မြောက်ဥက္ကလာပမြို့နယ်မှ လာရောက်ကြည့်ရှု အားပေးသူ ကိုဖိုးစီက "ဒီပွဲကို နှစ်တိုင်းလာကြည့်တယ်။ ဒီနှစ်လက်ဝှေ့စိန်ခေါ်ပွဲတွေ တော်တော်ကောင်းတယ်။ ပရိသတ်တွေလည်း ပိုများလာတယ်။ ပြခန်းတွေလည်းရှိတော့ ကလေးတွေအတွက် မသိသေးတာတွေသိရတယ်။ ရိုးရာပစ္စည်းတွေလည်း ပြသထားတော့ လာရကျိုးနပ်ပါတယ်" ဟု ပြောသည်။

အားကစားဆပ်ကော်မတီဥက္ကဋ္ဌ မန်းသန်းဝင်းဦးက "ဒီလိုလက်ဝှေ့ပွဲတွေကနေ လူငယ်မျိုးဆက်သစ်တွေ ထွက်ပေါ်လာပြီး နိုင်ငံအဆင့်ရောက်အောင် လုပ်ပေးတဲ့ သဘောနဲ့ ထည့်သွင်း ကျင်းပခဲ့တာပါ"ဟု ပြောသည်။

ထို့အတူ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း ကရင်ခြံရပ်ကွက် အ. ထ. က (၁) ဘောလုံးကွင်းတွင် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ရိုးရာအကများ၊ ဒုံးအကများ၊ ဟောပြောပွဲများ၊ သက်ကြီးပူဇော်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မြန်မာနိုင်ငံအတွင်းသို့ ကရင်လူမျိုးများ နောက်ဆုံးအသုတ် ဝင်ရောက် အခြေချနေထိုင်ခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်မှ စတင်ရေတွက်ရာတွင် ယခုဆိုလျှင် မြန်မာနိုင်ငံအတွင်းရှိ ကရင်လူမျိုးများရောက်ရှိ အခြေချသည်မှာ နှစ်ပေါင်း ၂၇၅၅ နှစ်ပင်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သည့် ပြည်ထောင်စုဖွား ကရင်တိုင်းရင်းသားများသည် ၂၇၅၅ ခုနှစ် သလေးထိုင်ခေါက်ဖိုး၊ ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခါသမယဖြစ်ပြီး (၇၈)ကြိမ်မြောက် ကျင်းပသော နှစ်သစ်ကူးနေ့ အခမ်းအနားလည်းဖြစ်သည်။

သတင်း - မင်းသစ်၊ ဇော်ကြီး
ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ရန်ကုန်မြို့ သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ဇန်နဝါရီ ၁၀ ရက်က ကျင်းပရာ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေစဉ်။
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

မွန်ပြည်နယ် သထုံမြို့နယ် မရမ်းကုန်းကျေးရွာ၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်က စည်ကားစွာကျင်းပစဉ်။
သက်ဦး(သထုံ)

ရိုးရာခြင်းလုံးလေ့ကျင့်ရေးအားကစားခန်းမ အဆောက်အအုံဖွင့်

ဘားအံ ဇန်နဝါရီ ၁၀

ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းမကြီးဘေးရှိ ကရင်ပြည်နယ် ရိုးရာခြင်းလုံး အားကစားလေ့ကျင့်ရေးရုံ ဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ကရင်ပြည်နယ် ရိုးရာခြင်းလုံး အားကစားလေ့ကျင့်ရေးရုံကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်နှင့် ပြည်နယ် လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဓေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က ခြင်းလုံးအားကစား လေ့ကျင့်ရေးရုံ မော်ကွန်းကျောက်စာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံကျော်ခြင်းလုံးလက်ရွေးစင် စန်းစန်းမော်နှင့် ပန်းမြတ်သူ ခြင်းအဖွဲ့၊ ကရင်ပြည်နယ်ရိုးရာ ခြင်းလုံးလက်ရွေးစင်များက ရိုးရာခြင်းအလှခတ်သရုပ်ပြကစားကြရာ **(အောက်ပုံ)** တက်ရောက်လာကြသော ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ခြင်းအားကစားဝါသနာရှင် မိဘပြည်သူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကရင်ပြည်နယ် ဂုဏ်ဆောင်ရိုးရာခြင်းလုံးအားကစား လေ့ကျင့်ရေးရုံကို ၂၉-၃-၂၀၁၅ မှစတင်ကာ ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ခြင်းလုံးအားကစားဝါသနာရှင်များ၏ စုပေါင်း ထည့်ဝင် ငွေကျပ် ၂၃၇ သိန်းကျော်ဖြင့် ပေ (၄၀×၆၀)ရှိ အဆောက်အအုံကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရိုးရာခြင်းလုံး အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် တည်ဆောက်ရခြင်းဖြစ်ပြီး မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းများကို ခြင်းလုံးဝါသနာရှင် မျိုးဆက်သစ်များအား လေ့ကျင့်ပေးသွားမည့် ခြင်းရုံတစ်ရုံလည်းဖြစ်ကြောင်း ကရင်ပြည်နယ် ခြင်းဆပ်ကော်မတီများထံမှ သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

အအေး ပိုမည်

နေပြည်တော် ဇန်နဝါရီ ၁၀ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အအေးပိုနေမည်။ **(မိုး/ဇလ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားတွင် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

*** ရွှေဖုံးမှ**

ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားသို့ ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ကရင်တိုင်းရင်းသားများ၊ ပြည်နယ်သူပြည်နယ်သား တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့များက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်ရိုးရာကျွဲချိုမှုတ်ပြီး ဖားစည်တီးကာ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကရင်အမျိုးသား နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးအထိမ်းအမှတ်၊ နှစ်သစ်မင်္ဂလာပြုခြင်းသည် နှစ်ဟောင်းမှ မကောင်းမှုမှန်သမျှကို နှစ်ဟောင်းနှင့်အတူ စွန့်ပယ်ခဲ့ပြီး ရောက်ရှိလာသည့် နှစ်သစ်ကို မွန်မြတ်သော စိတ်ဓာတ်ဖြင့် ရွှင်လန်းဝမ်းမြောက်စွာ ကြိုဆိုခြင်းဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် ကုန်လွန်ခဲ့သော နှစ်ဟောင်းအတွေ့အကြုံများမှ အားနည်းချက်များ၊ အားသာချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး နှစ်သစ်အခါသမယတွင် စိတ်သစ်၊ အားမာန်သစ်များနှင့်အတူ ပြည်နယ်နှင့် နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းလာရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် အဓိဋ္ဌာန်ပြုခြင်းဖြစ်ပါကြောင်း။

ကရင် တိုင်းရင်းသားတို့သည် နှစ်သစ်မင်္ဂလာကျင်းပရာတွင် ရိုးရာဓလေ့အတိုင်း အတီးအမှုတ်၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်း၊ သက်ကြီးဝါကြီး ဘိုးဘွားများအား ဂါရဝပြုပြီး ကောက်သစ်စားသောက်ဖွယ်များဖြင့် ပူဇော်ကန်တော့ ကျွေးမွေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးကမ်းလှူဒါန်းခြင်း၊ လူမျိုးမရွေး၊ ဘာသာမရွေး လူအပေါင်းတို့အား ဆုတောင်းမေတ္တာပို့သခြင်း စသည့် မွန်မြတ်သော ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာသည် ချစ်မြတ်နိုးဖွယ်ရာ ဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေသကဲ့သို့ မိမိတို့ချစ်မြတ်နိုးသော ကိုယ်ပိုင်ယဉ်ကျေးမှုအစဉ်အလာကောင်းများကို စောင့်ရှောက်ဖော်ထုတ်မြှင့်တင်ခြင်း၊ မိမိအမျိုးသားစာပေ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ဖော်ထုတ်ခြင်းတို့သည်လည်း ကောင်းမြတ်သော အစဉ်အလာကောင်းများ ဖြစ်ကြပါကြောင်း။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ခက်ခဲကြမ်းတမ်းသော ခရီးလမ်းကို ကာလကြာရှည်စွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် ကရင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရပါကြောင်း။

ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်ခြည်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်ပါကြောင်း၊ ရရှိပြီးဖြစ်သော ငြိမ်းချမ်းရေး ရလဒ်ကောင်းများကို ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဖော်ဆောင်ပြီး ငြိမ်းချမ်းရေးအမွေကို သားစဉ်မြေးဆက် ခံစားနိုင်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း။

ယခင်က အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန် နှောင့်နှေးခဲ့ရသည့် ပြည်နယ်သူ ပြည်နယ်သားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ယခုအခါ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်လျက်ရှိသောကြောင့် ပြည်သူများ အေးချမ်းစွာဖြင့် သွားလာနေထိုင် လုပ်ကိုင်နိုင်ကြပြီဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုကော်မတီများဖွဲ့စည်းပြီး နိုင်ငံတော်က တိုးချဲ့ချမှတ်ပေးသော ရန်ပုံငွေများအပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အထောက်အပံ့များကိုလည်း ရယူကာ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူကိုဗဟိုပြုသော အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်းပြီး ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကရင် တိုင်းရင်းသားတို့သည် ပင်ကိုအားဖြင့် ရိုးသားတည်ကြည်ခြင်း၊ သစ္စာရှိခြင်း၊ မေတ္တာတရားအစဉ်လက်ကိုင်ထားရှိခြင်း၊ ရိုင်းပင်းကူညီတတ်သည့် စိတ်ဓာတ်ရှိခြင်း စသည့် မွန်မြတ်သော ဗြဟ္မစိုရ်တရားပြည့်ဝသော လူမျိုးတစ်မျိုးအဖြစ် ထင်ရှားလျက်ရှိပါကြောင်း။

ကရင်တိုင်းရင်းသားများနှင့်အတူ အသီးတစ်ရာအညှာတစ်ခု ဆိုသကဲ့သို့ မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းထောင်ချီပြီး အေးအတူ ပူအမျှ နေထိုင်လာခဲ့ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် နေထိုင်ရာဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကား ကွဲပြားခြားနားသော်ငြား အနှစ်သာရအားဖြင့် တစ်သွေးတည်း တစ်သားတည်း တစ်အူထုံ့ဆင်း ညီအစ်ကိုများဖြစ်သည်နှင့်အညီ တိုင်းရင်းသားအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အစဉ်အလာကောင်းများကိုလည်း ထာဝရတည်မြဲနေရမည် ဖြစ်ပါကြောင်း။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်စုံမှ တိုးတက်ပြောင်းလဲမှုများနှင့်အတူ နှစ်သစ်အခါသမယတွင် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများက ရရှိထားပြီးဖြစ်သော ဒေသတွင်း တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုး

စာမျက်နှာ ၉ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားတွင် သက်ကြီးကရင်အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြရွှေဝါကျောင်းဆောင်သစ်ဖွင့်ပွဲတွင် တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

စာမျက်နှာ ၈ မှ

တိုးတက်မှု အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းသွားပြီး ရေရှည်တည်တံ့ခိုင်မြဲ၍ စဉ်ဆက်မပြတ် တိုးတက် ဖြစ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း ခံယူကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အလေးထားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည့် ကရင်ပြည်နယ်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခု ဖြစ်အောင် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ အားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနား သဘာပတိ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းက ကရင်အမျိုးသား နှစ်သစ်ကူးနေ့ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် ပညာရေးကောလိပ်မှ ကျောင်းသား ကျောင်းသူလေးများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံအကျဉ်းအား မြန်မာဘာသာ၊ ပိုးဘာသာ၊ စကောဘာသာတို့ဖြင့် ဖတ်ကြားတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဂုဏ်ပြုခံ အထင်ကရ သက်ကြီးကရင် အဘိုးအဘွားများအား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ကရင်သက္ကရာဇ် ၂၇၅၅ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားသို့ ပေးပို့လာသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ သဝဏ်လွှာကို မှတ်တမ်းတင်သည်။

ယင်းနောက် တက်ရောက်လာကြသူများက ဘင်ခရာအဖွဲ့နှင့်အတူ စည်းလုံးခြင်းသည် အင်အားဟု အဓိပ္ပာယ်ရသော သီချင်းကိုသီဆို၍ ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် အဆိုပါကွင်း၌ ဆက်လက်ကျင်းပသည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ဖိုဗူးယော် ကောက်သစ်စားပွဲတော်သို့ တက်ရောက်သည်။

ကောက်သစ်စား ပွဲတော်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေး ချိုးငှက်များလွှတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများက ဖိုဗူးယော်ဆုတောင်းတေးသီချင်းကို သီဆိုကြသည်။

နိုင်ငံတော်သမ္မတသည် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်အတူ ကောက်သစ်စားပွဲတော် အထိမ်းအမှတ်အဖြစ် ကရင်ရိုးရာအစားအသောက်များကို သုံးဆောင်ကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကရင် နှစ်သစ်ကူးနေ့အဖြစ် ပြာသိုလဆန်း ၁ ရက်နေ့ကို တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် ကရင်အမျိုးသား လွှတ်တော်အမတ်များက ၁၉၃၇ ခုနှစ်မှ စတင်၍ ဗြိတိသျှအစိုးရထံ တောင်းဆိုခဲ့ကြပြီး တောင်ငူအမတ် စောဂျွန်ဆင်ဒီဖိုးမင်းက ၁၉၃၇ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် အဆိုကို လက်မှတ်ရေးထိုးကာ ဥပဒေပြု အောက်လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ထို့နောက် ဘုရင်ခံက (Negotiable Instrument Act) အရ အများပြည်သူ အစိုးရရုံးပိတ်ရက်အဖြစ် ၁၉၃၈ ခုနှစ် ဇန်နဝါရီ ၁ ရက် (မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့) တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုမှစ၍ နှစ်စဉ်ပြာသိုလဆန်း ၁ ရက်နေ့ရောက်တိုင်း ကရင်နှစ်သစ်ကူးနေ့ကို ကျင်းပခဲ့ကြခြင်းဖြစ်သည်။

ကောက်ဦးစားပွဲ နှစ်သစ်ကူးခြင်းကို ရည်ရွယ်ချက်အားဖြင့် သုံးရပ်ထားရှိကြောင်း သိရသည်။ ပထမ ရည်ရွယ်ချက်မှာ တောင်ယာလုပ်ငန်း ထုတ်လုပ်မှုကို အားဖြည့်ပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်းပြုသော စပါးစောင့်နတ်သမီးနှင့် နတ်ကောင်းနတ်မြတ်များအား ပူဇော်ပသခြင်းနှင့် နှစ်ဆန်းအချိန်ခါတွင် နှစ်ဟောင်းမှ မကောင်းသော ကြံစည်စိတ်ကူး လုပ်ရပ်များ၊ အညစ်အကြေးများကို ဆေးကြောဖယ်ရှား၍ သစ်လွင်သော နှစ်သစ်ကို မွန်မြတ်သောစိတ်ဓာတ်ဖြင့် ကြိုဆိုခြင်းပြုရန်ဖြစ်သည်။

ဒုတိယရည်ရွယ်ချက်မှာ နှစ်သစ်ကူးကျရောက်၍ ကောက်ဦးစားပွဲ ကျင်းပရာမှ တွေ့ဆုံကြခိုက်တွင် စားသောက်နေထိုင်မှု၊ နောင်အခါများအတွက် လုပ်ကိုင်စားသောက်မှုတို့ကို အချင်းချင်းညှိနှိုင်း အကြံပေးခြင်း၊ အချင်းချင်းကူညီပေးမှုများ ပြုခြင်းဖြစ်ပြီး တတိယရည်ရွယ်ချက်မှာ ကောက်ဦးစားပွဲကို တပျော်တပါး ဆင်နွှဲ၍ အချင်းချင်းသွေးစည်း ချစ်ကြည်မှုကို တိုးတက်တည်ဆောက်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ကရင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်၊ သံနှင့် ကြေးခေတ်ယဉ်ကျေးမှုများ၊ ပျူ ပုဂံ၊ ဟံသာဝတီနှင့် ကုန်းဘောင်ခေတ် ယဉ်ကျေးမှုများ၊ စာပေပြခန်း၊ တိုင်းရင်းသားမျိုးနွယ်စုပြခန်း၊ ရိုးရာဓလေ့ပြခန်း၊ ဗုဒ္ဓအနုပညာပြခန်းနှင့် ရှေးဟောင်းအမွေအနှစ် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘားအံတက္ကသိုလ်၌ ဘားအံတက္ကသိုလ်၊ အစိုးရနည်းပညာတက္ကသိုလ်၊ အစိုးရကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ စက်မှုအထက်တန်းကျောင်းနှင့် စိုက်ပျိုးရေး အထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ပြီးခဲ့သည့် ငါးနှစ်ကာလအတွင်း ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ရရှိခဲ့သည့်အောင်မြင်မှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ပြီးနောက် ပြည်သူကရွေးချယ်သည့် အစိုးရသစ်အား တည်ငြိမ်အေးချမ်းစွာ တာဝန်လွှဲပြောင်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပညာရေးကဏ္ဍကသာ ဖြည့်ဆည်းပေးနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများကို ပညာတတ်အောင်၊ မိမိဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာကို အသုံးချတတ်အောင် သင်ကြားပေးရန် လိုအပ်မှု၊ ကျောင်းသား ကျောင်းသူများကို စည်းကမ်းကောင်းအောင်၊ ကိုယ်ကျင့်တရား ကောင်းအောင်၊ ပြည်ထောင်စု စိတ်ဓာတ်ရှိအောင် သင်ကြားပေးရန် လိုအပ်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် မြရွှေဝါကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြရွှေဝါ ကျောင်းဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြရွှေဝါကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် မြရွှေဝါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၃၀ ၊ အနံပေ ၃၀ ၊ အာစီကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ပုံငွေကျပ်သန်း ၁၄၀ ဒသမ ၄၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရွှေယင်မျှော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပြည်နယ်ခေတ္တဝန်ကြီးချုပ်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ဖျော်ဖြေတင်ဆက်ကြသည့် ဘားအံမြို့နယ် ဂီတအစည်းအရုံးဝင်များနှင့် ဘားအံပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုပြန်းခြင်းပေးအပ်ပြီး **(အပေါ်ဝဲပုံ)**တစ်ဖွဲ့လျှင် ငွေကျပ် ၂၅ သိန်းစီ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖိုဗူးယော်ကောက်သစ်စားပွဲတော် အထိမ်းအမှတ်အဖြစ် ကရင်ရိုးရာ အစားအသောက်များကို သုံးဆောင်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်အတွင်း ကြည့်ရှုစဉ်။ (သတင်းစဉ်)

တိုက်ကြီးမြို့ ရဲတပ်ဖွဲ့မှ မီးတန်းယာဉ်အသုံးပြုသဖြင့် ပြစ်မှုကျူးလွန်သူကို လျင်မြန်စွာ ဖမ်းဆီးရမိ

တိုက်ကြီး ဇန်နဝါရီ ၁၀

တိုက်ကြီးမြို့နယ် ဆင်ကူကျေးရွာ ဦးမြတ်ထွန်း အုတ်ကွင်းရှိ ကိုချိုကြီးတဲအနီး၌ ဇန်နဝါရီ ၇ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ဝင်းမင်းထွန်း (၂၇ နှစ်) နှင့် အုတ်အလုပ်သမား မိုးဇော်ဝင်းတို့ အရက်မူးပြီး တစ်ယောက်တစ်ခွန်းစကားများကြရာမှ လုံးထွေးသတ်ပုတ်ကာ မိုးဇော်ဝင်း၏ လွယ်အိတ်ထဲမှ ဓားမြှောင်ဖြင့် ဝင်းမင်းထွန်းကိုထိုးကာ ထွက်ပြေးသွားခဲ့သည်။ ဝင်းမင်းထွန်း၏ ဝဲဘက်ရင်အုံ၌ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး သတိမေ့သွား၍ အနီးရှိ ကိုချိုကြီး၊ ကိုတင်လှိုင်၊ ကုလားလေး၊ ငဇော်တို့က တိုက်ကြီးဆေးရုံသို့ ပို့ဆောင်ခဲ့ရာ အုတ်ကွင်းပိုင်ရှင် ဦးမြင့်ထွန်းအား သွားရောက်အကြောင်းကြား ခဲ့သည်။

ဝင်းမင်းထွန်းမှာ စိုးရိမ်ရ၍ တိုက်ကြီးဆေးရုံမှ ရန်ကုန်ဆေးရုံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

သို့ဖြစ်၍ ဓားဖြင့်ထိုး၍ ထွက်ပြေးတိမ်းရှောင်သွားသူ မိုးဇော်ဝင်းကို ဥပဒေအရ အရေးယူပေးရန် ဝင်းမင်းထွန်း၏ဇနီး မမိမိလွင်၊ ဆင်ကူးကျေးရွာနေသူကတိုက်ကြီးမြို့မရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ တိုက်ကြီးမြို့ မြို့မစခန်းမှူး ရဲအုပ်ကြည်စိုးသန့်နှင့်အဖွဲ့သည် မီးတန်းယာဉ်အမှတ် (၄၀၆) အဖွဲ့နှင့်အတူ လိုက်လံရှာဖွေရာ ပြစ်မှုကျူးလွန်သူ မိုးဇော်ဝင်း(၃၀ နှစ်) ဝက်ကြီးကုန်းရွာ အိုးသည်ကုန်း အုတ်ဖိုမြို့နယ်နေသူကို တိုက်ကြီး-ဥက္ကံမြို့အဝင် ဆန်စက်ရှေ့၌ ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၀

နယ်မြေခံတပ် မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက်က လောက်ကိုင်မြို့အဝင်စစ်ဆေးရေးဂိတ်၌ လောက်ကိုင်မှ ချင်းရွှေဟော်ဘက်သို့ ရှီရှောက်စင်(ခ)ရှိဝန်ချန် မောင်းနှင်သည့်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိသည်။

အလားတူ ဇန်နဝါရီ ၆ ရက်က မူဆယ်မြို့ ဟိုနားရပ်ကွက် EPC လမ်းမပေါ်ရှိ မနေခြည်၏ လင်းရောင်ခြည် ကွမ်းယာနှင့် ထမင်းဆိုင်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀ နှင့် ငွေကျပ် ၆၅၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးပြားအခကြေးငွေယူပြီး သယ်ဆောင်လာသူ ဖမ်းဆီးရမိ

နောင်ချို ဇန်နဝါရီ ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၂၄) လားရှိုး-နောင်ချိုလှုပ်ရှားတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ ရက်က နောင်ချိုမြို့အဝင် တိုးဂိတ်အနီး နောင်ချိုမြို့ဘက်သို့ စည်သူမောင်းနှင်လာသော 9A/----- ဗင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏ အံ့ဝှက်အတွင်းမှ ဘိန်းဖြူထည့်ထားသော ဆပ်ပြာငါးခွက် အလေးချိန် ၆၅ ဂရမ်ခန့်၊ ဘိန်းစိမ်း သုံးကီလိုခန့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၃၅၀ ကို သယ်ဆောင်ခ ငါးသိန်းယူပြီး သယ်ဆောင်လာခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးသယ်ဆောင်လာသူ စည်သူ (၂၈ နှစ်) နှင့် သယ်ဆောင်ခိုင်းသူ (စုံစမ်းဆဲ) နှစ်ဦးတို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး အလားတူ လားရှိုးဘက်မှ နောင်ချိုမြို့ဘက်သို့ စိုင်းလှဝင်းမောင်းနှင်လာသော နံပါတ်မပါ MOLISA 125 ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ရှာဖွေသိမ်းဆည်းရမိသည်။ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ စိုင်းလှဝင်းကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

နေပြည်တော်၌ ဘိန်းဖြူနှင့် ဆေးခြောက်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၀

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး စိုးညွန့်နှင့် တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီက ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက် ငုဝါလမ်းနေ မဇင်မာ (၃၅ နှစ်) နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ဆေးခြောက်အလေးချိန် ၃၂၆ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ မခင်စန္ဒာ(၂၄ နှစ်)အား မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်ရန် သတင်းအရ စောင့်ဆိုင်းရှာဖွေခဲ့ရာ ဘိန်းဖြူထည့်ထားသော ပင်နီဆီလင် ငါးပုလင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

မကွေးတိုင်းဒေသကြီး၌ ယာဉ်တိုက်မှုများတိုးလာပြီး သေဆုံးမှုမြင့်တက်

မကွေး ဇန်နဝါရီ ၁၀

မကွေးတိုင်းဒေသကြီး၌ တစ်နှစ်ထက်တစ်နှစ် ယာဉ်တိုက်မှုများ တိုးပွားလာသလို သေဆုံးမှုလည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှတ်တမ်းများအရ သိရသည်။ မကွေးတိုင်းဒေသကြီး၌ ၂၀၁၄ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၁၃၂၃ မှု၊ ဒဏ်ရာရရှိသူ ၂၆၅၇ ဦး၊ သေဆုံးသူ ၃၀၄ ဦး ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း ယာဉ်တိုက်မှုပေါင်း ၁၆၃၁ မှု၊ ဒဏ်ရာရရှိသူ ၃၁၈၇ ဦး၊ သေဆုံးသူ ၃၁၈ ဦးရှိခဲ့၍ ၂၀၁၄ ခုနှစ်ကထက် ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၁၄ ဦး တိုးလာကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ခရိုင်ငါးခုရှိသည့်အနက် ၂၀၁၅ ခုနှစ်အတွင်း ယာဉ်တိုက်မှုအဖြစ်အများဆုံးခရိုင်မှာ မကွေးခရိုင်ဖြစ်၍ ယာဉ်တိုက်မှု ၅၄၉ မှု၊ ဒုတိယအများဆုံးမှာ ပခုက္ကူခရိုင်ဖြစ်ကာ ယာဉ်တိုက်မှု ၄၀၉ မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး၌ ယာဉ်တိုက်မှုတိုးပွားလာပြီး သေဆုံးမှုမြင့်တက်လာရခြင်း၏အဓိကအကြောင်းအရင်းမှာ အရက်သေစာသောက်စားကာ ယာဉ်မောင်းခြင်း၊ ဆိုင်ကယ်၊ ကားစီးရေများပြားလာခြင်း၊ ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်းခြင်း၊ ယာဉ်စည်းကမ်းသိရှိမှု အားနည်းနေခြင်း၊ အပြိုင်အဆိုင်ကျော်တက်မောင်းနှင်ခြင်းနှင့် အရှိန်မြှင့်၍ မောင်းနှင်ခြင်းများကြောင့်ဖြစ်ကြောင်း တိုင်းဒေသကြီး အမှတ်(၄)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကျော်ဇေယျ

အရာတော်မြို့နယ် ကြွေပုဂံတောင်ရွာ၌ မီးလောင်မှုဖြစ်

အရာတော် ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ကြွေပုဂံတောင်ရွာ၌ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြွေပုဂံတောင်ရွာနေ ဒေါ်မိုးစိန်(၆၂ နှစ်) ထန်းရွက်မိုး ထရံကာနေအိမ်ရှိ မီးကြွင်းမီးကျန်မှ စတင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အနီးရှိ ဦးမြင့်လွင်၏ သွပ်မိုး ထရံကာနေအိမ်ကို မီးကူးစက်လောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ အရာတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် နှစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီတွင် မီးညွန့်ကျိုးပြီး မီးငြိမ်းသတ်နိုင်ခဲ့သည်။ ယင်းမီးလောင်မှုကြောင့် လူနေအိမ်နှစ်လုံးပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူအား တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

❍ ကျောဖုံးမှ

အမြဲတမ်းအတွင်းဝန် ဦးဇော်မင်းဦးနှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးတို့ တက်ရောက်ကြပြီး လျှပ်စစ်ရထား(TRAM)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

လျှပ်စစ်ရထား(TRAM) ပြေးဆွဲမည့်ခရီးစဉ်အရ ၃ ဒသမ ၅ မိုင် အရှည်ရှိသော ဝါးတန်းဘူတာ- မော်တင်ဘူတာ- စဥ့်အိုးတန်းဘူတာ- ရွှေတိဂုံဘုရားလမ်းဘူတာ-ပန်းဆိုးတန်းဘူတာ-ဗိုလ်တထောင်ဘူတာ-လင်းစဒေါင်းဘူတာတို့ကို အသွားအပြန် ခြောက်ခေါက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဝါးတန်းဘူတာမှနံနက် ၈ နာရီတွင် စတင်ထွက်ခွာမည့် လျှပ်စစ်ရထား(TRAM)သည် နံနက် ၈ နာရီခွဲတွင် လင်းစဒေါင်းဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် အသွားအပြန်ပြေးဆွဲ၍ လင်းစဒေါင်းဘူတာမှ နောက်ဆုံးအခေါက် မွန်းလွဲ ၁၂ နာရီခွဲထွက်ခွာလာမည့်လျှပ်စစ်ရထား (TRAM) သည် ဝါးတန်းဘူတာသို့ မွန်းလွဲ ၁ နာရီတွင် ဆိုက်ရောက်ကာ ခရီးစဉ်ပြီးဆုံးမည်ဖြစ်သည်။ လျှပ်စစ်ရထားကို နေ့စဉ်ထိန်းသိမ်းပြုပြင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝါးတန်းကုန်ရုံ၌ရှိသော LOCO SHED DEPOT တွင် သိမ်းဆည်းဆောင်ရွက်မည်ဖြစ်သည်။

လျှပ်စစ်ရထား(TRAM)ကို ပြေးဆွဲရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ Asia World တို့မှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းသိရ သည်။ DC ၆၀၀ ဗို့ လျှပ်စစ်ဓာတ်အားဖြင့် DC မော်တာများကို လည်စေခြင်းဖြင့် လျှပ်စစ်ရထား (TRAM)ကို မောင်းနှင်အသုံးပြုသွားမည်ဖြစ်ပြီး ရပ်စီး၊ ထိုင်စီးခရီးသည် ၂၀၀ လိုက်ပါစီးနင်းနိုင်ကြောင်းနှင့် နေ့လယ်ပိုင်းရထားခရီးစဉ်ရပ်နားလျှင် လျှပ်စစ်ဓာတ်အားကို ပိတ်ထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက “ဒီနေ့စတင် ပြေးဆွဲပေးလိုက်တဲ့လျှပ်စစ်ရထား(TRAM)ကတော့ မြန်မာ့မီးရထားအတွက် ပထမဆုံးခြေလှမ်းပဲဖြစ်ပါတယ်။ ခရီးသည်တွေအဆင်ပြေစေဖို့ လက်မှတ်ခနှုန်းထားကလည်း အရင်ပြေးဆွဲခဲ့တဲ့ RBE ကားရထားအတိုင်းတစ်ဦးကို ငွေကျပ် ၁၀၀ ပဲ သတ်မှတ်ထားပါတယ်။ လက်မှတ်ခနှုန်းထားကိုလည်း ဒီ့ထက်လျှော့ဖို့ပဲ ရှိပါတယ်။ တိုးဖို့မရှိပါဘူး။ ရထားစီးပြည်သူတွေကို Public Transport အကောင်းဆုံးဖြစ်စေဖို့ ဝန်ဆောင်တဲ့ကဏ္ဍလည်းဖြစ်ပါတယ်။ လျှပ်စစ်ရထား (TRAM) ပြေးဆွဲတဲ့အခါမှာလည်း ခရီးသွားပြည်သူတွေအတွက် လုံခြုံရေး၊ ဆက်သွယ်ရေးစနစ်တွေအဆင်ပြေစေဖို့ ဆောင်ရွက်ပေးထားပါတယ်။ နောက်ပိုင်းလူကူးမျဉ်းကျားတွေမှာလည်း မီးပွိုင့်တပ်ဆင်ဖို့ စီစဉ်ထားပါတယ်၊ Phase 3 အပိုင်းဖြစ်တဲ့ ကြည့်မြင်တိုင်-ဝါးတန်းဘူတာနဲ့ လင်းစဒေါင်း-ပုဇွန်တောင်ဘူတာ ခရီးစဉ်ကိုလည်း မကြာမီလပိုင်းအတွင်း ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမှာဖြစ်ပြီး အဲ့ဒီလို ကွန်ရက်ကို မြို့ပတ်နဲ့ ချိတ်ဆက်မိပြီဆိုရင်တော့ ရန်ကုန်မြို့တွင်း ခရီးသွားလာပြည်သူတွေအတွက် ပိုပြီး အထောက်အကူဖြစ်လာမှာပါ” ဟု ပြောသည်။

ဝါးတန်းဘူတာ၌ လာရောက်စီးနင်းသော ဗိုလ်တထောင်မြို့နယ်၌ နေထိုင်သည့် ကိုဖြိုးအောင်က “လျှပ်စစ်ရထားပြေးဆွဲမယ်ဆိုတာကိုတော့ ဖေ့ဘွတ်ခ်မှာတွေ့လိုက်ရလို့ ဗိုလ်တထောင်ကနေ သူငယ်ချင်းတွေနဲ့အတူ လာစီးတာပါ။ ရထားက အရင်မြို့ပတ်ရထားနဲ့စာရင် အသွင်အပြင်တော်တော်လေး ကွာခြားပါတယ်။ စိတ်ချမ်းသာပါတယ်။ ကမ်းနားလမ်းတစ်လျှောက်စီးရတာဆိုတော့ စိတ်ညစ်မှုတွေ ပြေပျောက်နိုင်မယ်လို့ထင်ပါတယ်။ ကျွန်တော့် အမြင်ပြောရမယ်ဆိုရင် ခရီးစဉ်က အလွန်တိုပါတယ်။ ခရီးရှည်ရှည်လေး ပြေးဆွဲပေးဖို့ အကြံပြုလိုပါတယ်” ဟု ပြောသည်။

လက်ရှိ ကမ်းနားလမ်းတစ်လျှောက် လျှပ်စစ်ရထား(TRAM)ပြေးဆွဲရာ အနီးရှိ မျဉ်းဝါအံ့ကွက်နေရာပေါ်၌ အုတ်တံတိုင်းတောက်လျှောက် ကာရံလိုက်မည်ဆိုပါက လမ်းအသုံးပြုကြသူများအတွက် ပိုမိုလုံခြုံ စိတ်ချရစေမည်ဖြစ်ပြီး စီးနင်းသူဦးရေလည်း ပိုမို များပြားလာမည်ဖြစ်ကာ ခရီးစဉ်ကို ညနေပိုင်းအထိ တိုးချဲ့ပြေးဆွဲခြင်းဖြင့် မြန်မာ့မီးရထားအတွက် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း ခရီးသည်တစ်ဦးက အကြံပြုပြောကြားသည်။

ပြီးခဲ့သည့်နှစ်ပေါင်း ၁၁၀ နီးပါးဖြစ်သော ၁၉၀၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က ရန်ကုန်မြို့၌ TRAM FERRY ကားများပြေးဆွဲခြင်းစနစ်ကို စတင်ခဲ့ပြီး ၁၉၂၁ ခုနှစ်တွင် TRAM FERRY ကား ၇၇ စီးအထိ ပြေးဆွဲခဲ့ကြောင်း၊ ယခုပြန်လည်စတင်ပြေးဆွဲလိုက်သောလျှပ်စစ်ရထား(TRAM) များကို ဂျပန်နိုင်ငံ ဟီရိုရှီးမားအီလက်ထရစ်ကုမ္ပဏီမှ မှာယူခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လက ဂျပန်ယန်း ၄၅၄ ဒသမ ၅၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် လျှပ်စစ်ရထား(TRAM)ကို ယနေ့ ပြန်လည်ပြေးဆွဲပေးလိုက်ခြင်းသည် ရန်ကုန်မြို့တွင်းဖြစ်ပေါ်လျက်ရှိသော ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရေးအတွက် မြန်မာ့မီးရထားလုပ်ငန်းကတစ်ထောင့်တစ်နေရာမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ညောင်တုန်းမြို့နယ် မြစ်ကမ်းပါးပြိုကျမှု ကြည့်ရှုစစ်ဆေး

ပုသိမ် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်၊ ၉ လမ်းနှင့် ၁၁ လမ်းကြားရှိ မြစ်ကမ်းပါးပြိုကျမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေ ၃ နာရီခွဲတွင် ဝါဝါဝင်း ကုမ္ပဏီက မတည်လှူဒါန်းသည့် ညောင်တုန်းမြို့နယ် ငှက်ပျောကျွန်းကျေးရွာ အုပ်စုနှင့် ခတ္တိယကျေးရွာအုပ်စုသို့ ကွန်ကရစ်လမ်းခင်းကျင်းနေမှု အခြေအနေကိုလည်းကောင်း၊ ငှက်ပျောကျွန်းထိန်ထိန်လင်းကုမ္ပဏီက ဆောက်လုပ်လျက်ရှိသည့် ငှက်ပျောကျွန်းကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ရှိ အလှပြင်ဆိုင်တွင် အလုပ်ရမည်ဟု လိမ်ညာခေါ်ဆောင်ခံရသူ မကွေးမြို့မှ အမျိုးသမီးငယ်နှစ်ဦး တရုတ်နိုင်ငံသို့ရောင်းစားခံခဲ့ရ

မကွေး ဇန်နဝါရီ ၁၀

မကွေးမြို့ရှိ အလှပြင်ဆိုင် တစ်ဆိုင်တွင် အလုပ်လုပ်နေသော အမျိုးသမီးနှစ်ဦး တရုတ်နိုင်ငံသို့ ရောင်းစားခံရပြီး တရုတ်နိုင်ငံရဲတပ်ဖွဲ့က အမှတ်(၁၇) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးတပ်ဖွဲ့စု (မူဆယ်)သို့ လွှဲပြောင်းပေးအပ်၍ ဇာတိမြို့သို့ ဇန်နဝါရီ ၉ ရက်က ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၉ ရက်က မကွေးမြို့ အမှတ်(၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ယာယီရဲမှူး ရွှေဆည်မောင်သည် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီခန့်က တရုတ်နိုင်ငံရဲတပ်ဖွဲ့မှ အမှတ်(၁၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (မူဆယ်)သို့ လွှဲပြောင်းပေးအပ်၍ ပြန်လည်ရောက်ရှိလာသူ မြန်မာနိုင်ငံသား အမျိုးသမီးငယ်ဖြစ်သည့် မ-------(၁၇နှစ်) သိင်္ဂီရိရပ်ကွက် မကွေးမြို့နေသူအား စစ်ဆေးခဲ့ရာ မ------မှာ ၂၀၁၅ ခုနှစ် ဇွန်လက မကွေးမြို့ ဗိုလ်ချုပ်လမ်းရှိ အလှပြင်ဆိုင်တွင် အလုပ်သင်အဖြစ် တစ်လလျှင် ငွေကျပ်သုံးသောင်းဖြင့် ဝင်ရောက်လုပ်ကိုင်နေစဉ် ဆိုင်သို့ မကြာခဏ ခေါင်းလျှော်လာသည့် မန္တလေးမြို့နေ မမိဆောင်းဆိုသူက ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်က မန္တလေးမြို့ရှိ အလှပြင်ဆိုင်၌ တစ်လငွေကျပ်ရှစ်သောင်းဖြင့် အလုပ်ရမည်ဟု ဖုန်းဆက်ခေါ်ရာ မ----က ၎င်း၏သူငယ်ချင်း မ---- နှင့်အတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက် ညနေ ၃ နာရီခန့်က မ----- နှင့် မ----တို့အား မမိဆောင်းက မကွေးမှအောင်လံသို့ ကားဖြင့်လည်းကောင်း၊ အောင်လံမြို့သို့ ရောက်သောအခါ အောင်လံမြို့ ရွာထောင်ရပ်နေ ဒေါ်ခင်စန်းဝင်းနှင့် မမိဆောင်း၏ခင်ပွန်း မန္တလေးမြို့နေသူတို့အားဝင်ခေါ်ပြီး ည ၇ နာရီတွင် ကားဖြင့် အောင်လံမှ မန္တလေးသို့ လည်းကောင်း၊ မန္တလေးသို့ရောက်ရှိပြီး မမိဆောင်းက ဆိုင်ဖွင့်ရန်အတွက် လိုအပ်သောပစ္စည်းများ ဝယ်ရန် ငွေကျပ်သိန်း ၂၀ အား ပြင်ဦးလွင်သို့ သွားယူရမည်ဟုပြောဆိုကာ မူဆယ်သို့ ဆက်လက်ခေါ်ဆောင်ခဲ့ကြောင်း၊ မူဆယ်သို့ရောက်ရှိရာ ရွှေလီမြို့နေသူ မင်းထိုက်(ခ)ကျားကြီးက လာရောက် စောင့်ကြိုနေခဲ့ပြီး မူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံ ရွှေလီမြို့သို့ ထပ်မံခေါ်ဆောင်ခဲ့ကြောင်း၊ နောက်တစ်နေ့နံနက်တွင် မမိဆောင်းတို့လင်မယားနှင့် ဒေါ်ခင်စန်းဝင်းတို့က မ-----နှင့်မ-----တို့အား တရုတ်အမျိုးသားနှင့်ယူရမည်ဟု ပြောဆိုပြီး မင်းထိုက်(ခ)ကျားကြီးက မယူပါက ငှက်ကြီးတောင်ဓားနှင့် ခုတ်သတ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း၊ ၎င်း၏ဇနီး မမွန်မွန် ရွှေလီမြို့နေသူက နောက်တစ်နေ့နံနက်တွင် ရွှေဆွဲကြိုးတစ်ကုံးစီနှင့် ရွှေလက်စွပ်တစ်ကွင်းစီ (မြန်မာငွေကျပ်ခုနစ်သိန်းခန့်)တို့အား ဝယ်ပေးခဲ့ပြီး ယင်းနေ့ ညနေတွင် တရုတ်ပွဲစားတစ်ဦးထံသို့ ပို့ဆောင် ရောင်းစားခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးအား တရုတ်အမျိုးသားပွဲစားက ဟဲနန်ပြည်နယ် ချွမ်းတာမြို့သို့ခေါ်ဆောင်သွားခဲ့ပြီး တရုတ်အမျိုးသားနှင့်လက်ထပ်ရန် ပို့ဆောင်ခဲ့ကြောင်း၊ မ----(၁၇နှစ်)က တရုတ်အမျိုးသားနှင့် မပေါင်းသင်းလိုသဖြင့် ဝဲဘက်လက်ကောက်ဝတ်အား အသင့်ရှိနေသော လက်သည်းညှပ်အတွင်းရှိ ဓားဖြင့်လှီးဖြတ်ခဲ့ရာ ဒဏ်ရာရရှိ၍ မြန်မာအမျိုးသမီးတစ်ဦးက ဆေးခန်းသို့ လိုက်ပို့ခဲ့ကြောင်း၊ ဆေးခန်းပြပြီးနောက် မြန်မာအမျိုးသမီးထံ အကူအညီတောင်းပြီး အနီးရှိ တရုတ်ရဲစခန်းတစ်ခုသို့ ထွက်ပြေး အကူအညီ တောင်းခံခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးအား တစ်ဦးလျှင် တရုတ်ယွမ် ၆၅၀၀၀ စီဖြင့် ရောင်းစားခဲ့ကြောင်း၊ ထို့နောက် တရုတ်ရဲများက ရောင်းစားခံရသူနှစ်ဦးအား ကယ်တင်ကာမူဆယ်လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးတပ်ဖွဲ့စုသို့ ဇန်နဝါရီ ၆ ရက်က ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဇန်နဝါရီ ၉ ရက်တွင် မကွေးမြို့သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အလုပ်ရမည်ဟု လိမ်လည်ပြောဆို စည်းရုံးခေါ်ဆောင်ပြီး တရုတ်အမျိုးသားနှင့်လက်ထပ်ရန်ရောင်းစားခဲ့သူ မမိဆောင်းပါ ငါးဦးတို့အား မကွေးမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပိုင်ဇေ(မကွေး)

ဆင်ခြေထောက်ရောဂါ ကြိုတင်ကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၈ ရက်က ဆင်ခြေထောက်ရောဂါအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးဒေါက်တာအေးမူယာကျော်က ဆင်ခြေထောက်ရောဂါသည်သွေးကြောထဲတွင်နေသော သန်ကောင်ကြောင့် ဖြစ်ပွားခြင်း၊ ရေပုပ်၊ ရေသိုးများ၊ ရေစီးရေလာမကောင်းသည့်ရေမြောင်းပုပ်များ၊ ရေဆိုးကျင်းများ၊ မလုံခြုံသောအိမ်သာကျင်းများ၊ မြေအောက် မြောင်းများတွင်ခြင်များပေါက်ပွားလာပြီး ဆင်ခြေထောက်ရောဂါပိုးရှိသည့် လူကိုကိုက်ခြင်းဖြင့် ခြင်မှတစ်ဆင့်ရောဂါကူးစက်နိုင်သည်ကို သတိထားရှောင်ကြဉ်ကြရန် အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာမ ဒေါ်တင်တင်ဝင်းက ကျန်းမာရေးဦးစီးဌာန၏စီမံချက်ဖြင့် ဇန်နဝါရီ ၁၀ ရက်မှ စတင်၍ ၁၉ ရက်အထိ ရပ်ကွက်ကျေးရွာများသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်ရာအိမ်မှူးများပူးပေါင်းကွင်းဆင်းပြီး ရောဂါပြန့်ပွားမှုမရှိအောင် ကြိုတင်ကာကွယ်သောအားဖြင့် (DEC)သန်ချဆေးကို အသက်အပိုင်းအခြားအလိုက် တိုက်ကျွေးမည်ဖြစ်ကြောင်း၊ ဆေးသောက်ခြင်းဖြင့် လူကိုဘေးဥပဒ်အန္တရာယ်မပေးနိုင်ကြောင်း အသိပညာပေးဟောပြောပြီး ရုပ်ပုံစာတန်းပါလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၅၁၂)

ရေတွင်းထဲမှ နုန်းနှင့် ရေဆိုးများဆင်းဆယ်ရာ ငါးဦးသေဆုံး

နေပြည်တော် ဇန်နဝါရီ ၁၀

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အတူးရွာတွင် ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ရေတွင်းထဲမှ နုန်းနှင့်ရေဆိုးများ ဆင်း၍ဆယ်ယူစဉ် သေဆုံးမှုများဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာအဆိုပါကျေးရွာနေ ဦးမောင်ထက် (၇၅ နှစ်)၏ ခြံဝင်းအတွင်းရှိ အချင်းလေးပေ၊ အနက် ၃၃ ပေခန့် ရေတွင်းမှ နုန်းနှင့်ရေဆိုးများကို ရွာသား ၂၀ က ဆယ်ယူစဉ် ရဲမင်းထွန်း(၂၃နှစ်)က ဟွန်ဒါရေစုပ်စက်ဖြင့် ရေတွင်းထဲ ဆင်းပြီး ရေစုပ်ခဲ့ကြောင်း၊ နာရီဝက်ခန့်အကြာ အသက်ရှူကျပ်လာသောကြောင့် ရေတွင်းပေါ်ရှိရွာသားများအား အကူအညီတောင်းခဲ့ကြောင်း သိရသည်။

မောင်ချမ်းသာ(၃၂နှစ်)၊ အောင်တင်ဝင်း(၃၈နှစ်)၊ စိုးမင်းပိုင်(၂၅နှစ်)၊ ကျော်ဝင်း (၂၉နှစ်)နှင့် ဇော်ဦး(၃၅နှစ်)တို့ ငါးဦးကဆင်း၍ဆယ်ယူရာ ရဲမင်းထွန်း၊ မောင်ချမ်းသာ၊ ဇော်ဦးတို့သုံးဦးသာ ရေတွင်းပေါ်သို့ ပြန်လည်ရောက်ရှိလာသော်လည်း၊ ရဲမင်းထွန်းနှင့် မောင်ချမ်းသာမှာ အသက်ရှူရပ်သေဆုံးသွားခဲ့ကြောင်း၊ ကျန်လူများအား ဆက်လက်ကူညီဆယ်ယူရာ အောင်တင်ဝင်း၊ ကျော်ဝင်းနှင့် စိုးမင်းပိုင်တို့အား သေဆုံးလျက်ဆယ်ယူရရှိခဲ့သဖြင့် သံတွဲမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

ပြင်ဆင်ဖတ်ရှုပါရန်

၉-၁-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ပါ တိုင်းရင်းသားကျေးရွာရှိ အလုံပိတ်တဲများ ပိတ်သိမ်းအရေးယူသတင်းကော်လံ ၁ ၌ "ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် စုစုပေါင်း ၁၁၇ ဧကရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Fair Trade Co., Ltd. သို့ B.O.T စနစ်ဖြင့် မြေဧရိယာ ၁၀ ဧကကို နှစ် ၃၀ ထပ်မံ ငှားရမ်းထားကြောင်း သိရသည်။" **(အစား)** "ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် စုစုပေါင်း ၁၁၇ ဧကရှိပြီး ယခင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လက်ထက်တွင် Fair Trade Co., Ltd. သို့ B.O.T စနစ်ဖြင့် မြေဧရိယာ ၁၀ ဧကကို MIC သဘောတူညီချက်ဖြင့် (၁၉၉၉ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ) နှစ် ၃၀ နှစ်ရှည်ငှားရမ်းထားခြင်းဖြစ်ကြောင်းသိရှိရသည်။" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဆွာချောင်းအတွင်း ရေနည်းချိန် စစ်ကျန်ရထားတွဲ စင်းလုံးပေါ်လာ

ရေတာရှည် ဇန်နဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်း ကျေးရွာအုပ်စု တံတားကြီးကျေးရွာ မြောက်ဘက်ကပ်လျက်ရှိ ဆွာချောင်းထဲတွင် စစ်အတွင်းက တံတားကို ဗုံးကြဲခံရစဉ် ချောင်းအတွင်း ပြုတ်ကျနစ်မြုပ်သွားခဲ့သော ကုန်တင်ရထားတွဲတစ်တွဲ ချောင်းရေနည်းပြီး သဲသောင်များပေါ်လာချိန်၌ ပြန်ပေါ်လာခဲ့ရာ ဘေးတိုက်အနေအထားဖြင့် ဘီးများပါ မြင်တွေ့ခဲ့ရသည်။ **(ယာပုံ)**

ရထားတွဲဘေးဘက်ခြမ်းတွင် သေနတ်ကျည်ဆန်ရာ သုံးခုကို မြင်တွေ့ရပြီး စစ်အတွင်း တံတားပေါ်တွင် ရထားဖြတ်သန်းချိန် ဗုံးကြဲလေယာဉ်များရောက်ရှိလာကာ ဗုံးများဆက်တိုက်ကြဲချခဲ့သည့်အတွက် တံတားပေါ်ရှိ ရထားကိုပါ ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း တံတားကြီးကျေးရွာနေ သက်ကြီးရွယ်အိုများ၏ ပြောကြားချက်အရ သိရသည်။

တံတားကြီးကျေးရွာတွင် စစ်အတွင်းကကြဲချခဲ့သည့် ဗုံးကျင်းကြီးများ ယခုထိတိုင်အောင်ရှိနေဆဲ ဖြစ်ပြီး ယင်းအချိန်က ရွာထဲ၌ တစ်ဦးတစ်ယောက်မျှ မနေရဲသဖြင့် တောထဲသို့ပြေးလွှားကာ ပုန်းအောင်းနေခဲ့ကြရကြောင်း ကိုယ်တိုင်ကြုံတွေ့ရသူ အဘွားတစ်ဦးက ပြောသည်။

ယခင်ကတည်းက ရထားတွဲပျက်၏ တံခါးပိုင်းပေါ်နေသည့် သတင်းကြောင့် မီးရထားဘက်မှ တာဝန်ရှိသူများက လာရောက်စစ်ဆေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ဖော်ယူနိုင်ခြင်းမရှိခဲ့ပေ။

"လာတော့ကြည့်ကြတယ်၊ ဒါပေမယ့်ဖော်ရင် ကုန်ကျစရိတ်များမယ်၊ နောက်တံတားအုတ်တိုင်ကို ထိခိုက်မယ်ဆိုပြီး မဖော်ဖြစ်ကြတာ၊ တံတားနဲ့ဝေးပါတယ်၊ ထိခိုက်နိုင်မယ်မထင်ပါဘူး"ဟု တံတားကြီးကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

လူနေအိမ်သစ်များ ဆောက်လုပ်ပြီးစီး၍ ရေဘေးသင့်ပြည်သူများ ပြောင်းရွှေ့နေထိုင်လာ

ကလေး ဇန်နဝါရီ ၁၀

ကလေးမြို့နယ်တွင် ရေမျောပါပျက်စီးဆုံးရှုံးသွားသည့် လူနေအိမ်များအစား အိမ်သစ်ဆောက်လုပ်ပေးရန် သတ်မှတ်ထားသော ဇုန်(၁)ရှိ ရပ်ကွက်(၉)ရပ်ကွက်မှ အိမ်ခြေ ၁၀ လုံး၊ ဇုန် (၂)ရှိ ကျေးရွာ ၁၀ ရွာမှ အိမ်ခြေ ၂၆၄ လုံး၊ ဇုန် (၃)ရှိ အောင်မြင်သာကျေးရွာမှ အိမ်ခြေ ၄၈ လုံး၊ ဇုန်(၄)ရှိ ကျေးရွာခုနစ်ရွာမှ အိမ်ခြေ ၃၄ လုံးနှင့် ဇုန်(၅)ရှိ နတ်နန်းကျေးရွာမှ အိမ်ခြေနှစ်လုံးတို့ကို အရှိန်အဟုန်ဖြင့် ဆောက်လုပ်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် လုပ်ငန်းအားလုံးဆောင်ရွက်မှု ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သော်လည်း လွန်ခဲ့သော ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ကလေးဒေသတွင် ရေကြီးရေလျှံမှုကြောင့် ကလေးမြို့နယ်တွင် လူနေအိမ်ခြေ ၃၅၈ လုံး၊ ကလေးဝမြို့နယ်တွင် လူနေအိမ်ခြေ ၉၁ လုံးနှင့် မင်းကင်းမြို့နယ်တွင် လူနေအိမ်ခြေ ၂၄ လုံး စုစုပေါင်း လူနေအိမ်ခြေ ၄၇၃ လုံး ရေမျောပျက်စီးခဲ့သည်။

ယခုအခါ ရေဘေးသင့်ပြည်သူများလည်း အိုးသစ်အိမ်သစ်များတွင် စိတ်အေးချမ်းသာစွာဖြင့် စတင်ပြောင်းရွှေ့ နေထိုင်လာကြပြီဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

ခေတ်သစ်ဆေးပညာခရီးသွားလုပ်ငန်း ဈေးကွက်ပိုမိုကျယ်ပြန့်လာ

ရန်ကုန် ဇန်နဝါရီ ၁၀

ယနေ့ကမ္ဘာတွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေသောလုပ်ငန်းများအနက် ဆေးပညာခရီးသွားလုပ်ငန်း(Medical Tourism)လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မိမိနိုင်ငံတွင် ဆေးကုသမှုစရိတ်ကြီးမြင့်ခြင်းအတွက် ကုသရန်စောင့်ဆိုင်းချိန် ကြာမြင့်ခြင်း၊ အရည်အသွေးပြည့်ဝသော ဆေးကုသမှုများ မရှိခြင်းကြောင့် ပြည်ပနိုင်ငံများသို့ ဆေးကုသမှု ခံယူသူများ များပြားနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပြောသည်။ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည့် Medical Excellence Japan (MEJ) ဆေးရုံသုံး ပစ္စည်းကိရိယာများပြပွဲနှင့် ဆေးပညာ နှီးနှောဖလှယ်ပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ခေတ်သစ်ဆေးပညာ ခရီးသွားလုပ်ငန်းဟာ ခရီးစရိတ်များပါ ထည့်သွင်းတွက်ချက်ရင် ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ခန့်အထိ ဈေးကွက်ကျယ်ပြန့်ခဲ့တယ်လို့သိရပါတယ်။ ကနဦးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများက လူနာများဟာ တိုးတက်သော နိုင်ငံတွေဆီသွားရောက်ကာ မိခင်နိုင်ငံမှာ မရနိုင်တဲ့ ကျန်းမာရေးကုသပြုစုစောင့်ရှောက်မှုတွေ ရယူခဲ့ကြပေမယ့် အခုနောက်ပိုင်းမှာတော့ ဖွံ့ဖြိုးတဲ့နိုင်ငံများက လူနာတွေအတွက် ဆေးကုသစရိတ် ပိုမိုသက်သာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီကို သွားရောက်ကုသမှုဟာ တိုးပွားလာနေတယ်လို့ လေ့လာသိရှိရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

Consultant medical On Cologist ပါမောက္ခ ဒေါက်တာစိုးအောင်က "နောင်လာမယ့် လေးနှစ်အတွင်းမှာတော့ အများကြီးမျှော်လင့်ပါတယ်၊ ဒီနိုင်ငံမှာက ရောဂါကုသမှုနဲ့ပတ်သက်ပြီး ဆေးရုံကိုအခြေခံထားတဲ့စာရင်းဇယားလောက်ပဲ လုပ်နိုင်သေးတယ်။ တစ်ပြည်လုံးအတိုင်းအတာနဲ့လုပ်နိုင်တဲ့ အခြေခံစာရင်းဇယားတွေ လိုအပ်တယ်။ ဒီအတွက် အစိုးရရော၊ နိုင်ငံတကာကရော ဝိုင်းကူပြီး တည်ထောင်ဖို့ လုပ်နေတယ်၊ ဩစတြေးလျနိုင်ငံက အဖွဲ့အစည်းကလည်း ကင်ဆာသာမက ရောဂါအားလုံးအတွက် စာရင်းဇယားအပြည့်အစုံဖြစ်ဖို့ လေးနှစ်စီမံကိန်းနဲ့ ထောက်ပံ့နေတယ်" ဟု သုံးသပ်ပြောကြားသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် ဂျပန်နိုင်ငံဆေးဘက်ဆိုင်ရာကုမ္ပဏီများမှ ဆေးပညာရပ်ဆိုင်ရာကိရိယာများပြသခြင်း၊ ဆေးဘက်ဆိုင်ရာနည်းလမ်းများ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆရာဝန်ကြီးများက ကင်ဆာရောဂါနှင့် အရေးပေါ်ကျန်းမာရေးလုပ်ငန်းများအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

"ပြည်သူ့ကျန်းမာရေး ဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က မြန်မာနိုင်ငံမှာ ကင်ဆာရောဂါနဲ့ ပတ်သက်လို့ မှတ်တမ်းမှတ်ရာ ထားရှိမှုပိုင်းအားနည်းနေသေးတယ်။ ဒါတွေကို ပြုပြင်ရမယ်။ မှတ်တမ်းတွေရှိမှ ဘယ်ကင်ဆာရောဂါတွေ အဖြစ်များပြီး ကုသရမလဲဆိုတာ သိလာမှာပါ"ဟု ပြောသည်။

၂၀၃၀ တွင် ကမ္ဘာတစ်ဝန်း၌ ကင်ဆာဝေဒနာရှင် သန်း ၈၀ ခန့်ရှိလာနိုင်ပြီး ယင်းတို့အနက် ၁၇ ဒသမ ၁ မီလီယံ သေဆုံးနိုင်ဖွယ်ရှိကြောင်း နိုင်ငံတကာကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ရာသီမရွေးသွားလာနိုင်မည့် ခရိုင်ချင်းဆက်လမ်းများဖွင့်

တပ်ကုန်း ဇန်နဝါရီ ၁၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ညောင်လွန့်၊ သရက်ပင်၊ တဲမြင့်ကျေးရွာချင်းဆက် (ရိစာလမ်း) ငါးမိုင်၊ ပေတောကုန်း-ခရိုင်ချင်းဆက်လမ်းထိ (ကျောက်ချောလမ်း) တစ်မိုင် နှစ်ဖာလုံ ကျေးလက်လမ်းများကို ဇန်နဝါရီလ ဒုတိယပတ်က ဖွင့်လှစ်ပေးခဲ့သည်။

လမ်းများရေရှည်အသုံးပြုနိုင်စေရန်အတွက် ညောင်လွန့်-သရက်ပင်-တဲမြင့် ကျေးရွာချင်းဆက်(ရိစာလမ်း) ငါးမိုင်တွင် ခြောက်တန်၊ ပေတောကုန်း-ခရိုင်ချင်းဆက်လမ်းထိ ကျောက်ချောလမ်းတွင် ၁၀ တန်ယာဉ်များကိုသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်

မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းဖွင့်မည်

ရေစကြို ဇန်နဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သဲတောကျေးရွာ အောင်မြေသာယာချမ်းမြေ့မဥ္ဇူ ဘုရားကုန်းမြေ မိုးကုတ်ဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ပခုက္ကူမြို့ ပင်မမိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဦးသုန္ဒရက မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားနှင့် ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ၁၃၇၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့မှစ၍ ခုနစ်ရက်အလုပ်ပေးတရားစခန်း ဖွင့်မည်ဖြစ်ကြောင်း သိရသည်။

ဖေထွဏ်းဇော်

ကျုံးကြီးမြောင်းအတွင်းမှ စွန့်ပစ်ရေပေါ်ပစ္စည်းများရှင်းလင်းဆယ်ယူ

ရန်ကုန် ဇန်နဝါရီ ၁၀

လမ်းမတော် ကျုံးကြီးမြောင်း လမ်းသစ်လမ်းဖြတ်ရုံးအပေါက်ဝမှစ၍ ရေပေါ်စွန့်ပစ်ပစ္စည်းများ ပြည့်ကျပ်နေသည့်နေရာ၌ ဇန်နဝါရီ ၉ ရက် နံနက်က သက်ဆိုင်ရာမှ လူအား၊စက်အားအသုံးပြု၍ ဆယ်ယူရှင်းလင်းလျက်ရှိကြောင်း သိရသည်။ ၁၀ ဘီးကားများဖြင့် တင်ဆောင်သော အနီရောင်အမှိုက်ကန်တစ်ခုကို ယင်းနေရာတွင်ချထားပြီး စက်ဖြင့်ဆယ်ယူ၍ ရလာသောစွန့်ပစ်ပစ္စည်းများကို တိုက်ရိုက်သိမ်းဆည်းနေသည်ကို မြင်တွေ့ရသည်ဟု လမ်းသွားလမ်းလာများက ပြောသည်။

သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးမှုကြောင့် လမ်းသစ်ရိပ်သာဘေး အဆိုပါကျုံးကြီးမြောင်းအတွင်း ရေစီးရေလာကောင်းမွန်ပြီး အနံ့ဆိုးထွက်ပေါ်မှု လျော့နည်းလာမည်ဟု ကျုံးကြီးမြောင်းတစ်ဖက်တစ်ချက်ရှိ လူနေရပ်ကွက်များမှ နေထိုင်သူများက ပြောသည်။

ခင်ဆိုင်

ဝန်ထမ်းအလိုရှိသည်

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)တွင် အောက်ဖော်ပြပါ လုပ်ငန်းရာထူးနေရာများအတွက် ဝန်ထမ်းခန့်ထားရန်အလိုရှိပါသည်-

(၁) အကြီးတန်းစကားပြန်/ဘာသာပြန်(တရုတ်) (၁)ဦး (ကျား/မ)
(၂) အကြီးတန်းစကားပြန်/ဘာသာပြန်(အင်္ဂလိပ်) (၁)ဦး (ကျား/မ)
(၃) ကြီးကြပ်ရေးဝန်ထမ်း (၁) (၁)ဦး (ကျား/မ)

အထက်ပါရာထူးများအတွက်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ရမည်။
(ခ) အမှတ်စဉ် (၁)ရာထူးအတွက် တရုတ်မြန်မာအလယ်တန်းအောင်ရမည်။ အထောက်အထားတင်ပြနိုင်ရမည်။ တရုတ်ဘာသာစကားကို ဘာသာပြန်အရေးနှင့် အပြောအဆိုနှစ်ရပ်လုံး ကျွမ်းကျင်သူဖြစ်ရပါမည်။ လိုအပ်ပါက ရေး/ဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်သည်။
(ဂ) အမှတ်စဉ် (၂)ရာထူးအတွက် English ဘာသာ(အဓိက)ဘွဲ့လက်မှတ်ရရှိသူ ဖြစ်ရမည်။ English ဘာသာစကားကိုဘာသာပြန်အရေးနှင့် အပြောအဆိုနှစ်ရပ်လုံး ကျွမ်းကျင်သူဖြစ်ရပါမည်။ လိုအပ်ပါက ရေး/ဖြေစာမေးပွဲနှင့် လူတွေ့ စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်သည်။
(ဃ) အမှတ်စဉ် (၁+၂)အတွက် အသက်(၂၅)နှစ်မှ (၄၀)အတွင်းရှိသူဖြစ်ရမည်။ (လုပ်ငန်းအတွေ့အကြုံရှိသူများအတွက် အသက်လျှော့ပေါ့စဉ်းစားမည်။)
(င) အမှတ်စဉ် (၃)ရာထူးအတွက် တက္ကသိုလ်မှဘွဲ့ တစ်ခုခုရရှိရမည်။ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်ရမည်၊ အသက် (၂၀)မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။

၂။ အထက်ပါရာထူးသို့ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်မိတ္တူတို့ကို ပူးတွဲလျက် ၂၂-၁-၂၀၁၆ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

(၁) အမှတ် (၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
(၂) သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများနှင့်ပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက **ဖုန်း-၀၁-၆၅၈၁၄၉၊ ၀၁-၆၆၃၁၁၉**

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် ပစ္စည်းလေးပါး ဒါယိကာမ **ဒေါ်ခိုင်သက်မွန်**(ဒါရိုက်တာ)ဆုထူးပန် ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်အား ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သာသနာ့အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

ရတနာမာန်အောင်ပရိယတ္တိစာသင်တိုက်ဆရာတော်
နှင့် သာသနာ့အကျိုးတော်ဆောင်အဖွဲ့
အမှတ်(၁) ရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်

အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ၄-၁-၂၀၁၆ရက်ဖြင့် **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ)ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား **သုဓမ္မသိင်္ဂီ**ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး၊ ဘာသာ သာသနာအကျိုးကို ဆတက်တိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျော်ကျော်(ညွှန်ကြားရေးမှူး-လဝက/ငြိမ်း)-ဒေါ်တိုးတိုးလွင် မိသားစု
နေပြည်တော်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၁၈၉၁၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေမာစိုး ၅/ကလတ(နိုင်)၀၉၇၂၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၅၉၄၅၅ Surk 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းအေး ၅/ကနန(နိုင်)၀၅၃၃၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)

တရားမဝင်ကျွန်းတံခါးချပ်များ ဆိုက်စုံဖမ်းဆီးရမိ

စစ်ကိုင်း ဇန်နဝါရီ ၁၀

စစ်ကိုင်းခရိုင် မြို့နယ် သစ်တောဝန်ထမ်းများအဖွဲ့သည် ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းမြို့နယ် ကျောက်ဆည်ကျေးရွာ အနောက်ဘက်ရှိ သုသာန်အနီး၌ တရားမဝင်ကျွန်းတံခါးချပ်များ ဆိုက်စုံတင်ဆောင်ထားသည့် ယာဉ်တစ်စီး ပိုင်ရှင်မဲ့ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး၊ တောအုပ်များပါဝင်သောအဖွဲ့သည် သတင်းအရ ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက မုံရွာ-စစ်ကိုင်း - မန္တလေး ကားလမ်းတစ်လျှောက် တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်း ဆောင်ရွက်စဉ် ကျောက်ဆည်ကျေးရွာ အနောက်ဘက် သုသာန်အနီး အောင်သာကျေးရွာသွား လမ်းဘေးယာတောအတွင်း ရပ်ထားသော ပိုင်ရှင်မဲ့ယာဉ် အမှတ် အ/--- ခြောက်ဘီးယာဉ်ပေါ်တွင် တရားမဝင် ကျွန်းတံခါးချပ်များဆိုက်စုံ အချပ် ၂၀၀ တန်(၅ ဒသမ ၈၄၄၀) နှင့် ထစ်ဖောက်ပြီး ကျည်းဘောင် ၄၂ ချောင်း(သုည ဒသမ ၃၀၇၄ တန်)စုစုပေါင်း ၆ ဒသမ ၁၅၁၄ တန်အား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့နယ် သစ်တောဦးစီးဌာနက ဖမ်းဆီးရမိသည့် ပစ္စည်းများကို ပိုးတန်းရပ်ကွက် မြို့နယ်သစ်တောရုံး၌ သိမ်းဆည်းထားပြီး ပစ္စည်းပိုင်ရှင်နှင့် ယာဉ်ပိုင်ရှင်အား ဖော်ထုတ် အရေးယူနိုင်ရန်အတွက် စစ်ကိုင်း မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်း

ယာဉ်တစ်စီး အရှိန်မထိန်းနိုင်၍ တိမ်းမှောက်

ကွတ်ခိုင် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် မန်ပြိန်းရွာအနီး၌ ဇန်နဝါရီ ၈ ရက် ည ၁၀ နာရီခွဲခန့်က ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်နေကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်သွားခဲ့စဉ် ခရီးသွားပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ဒုရဲအုပ်စိုးဝင်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် မန်ပြိန်းရွာအနီး တောင်ဘက်အနက်ပေ ၃၀ ခန့်ရှိ ချောက်ထဲသို့ ယာဉ်တစ်စီး ထိုးကျနေကြောင်း သိရသည်။

အဆိုပါယာဉ်သည် မူဆယ်ဘက်မှ မန္တလေးဘက်သို့ ကုန်ပစ္စည်းများတင်ဆောင်ကာ မောင်းနှင်လာသည့် ယာဉ်အမှတ် 5F/---နီဆန်း (၁၂)ဘီးယာဉ်ဖြစ်ပြီး ယာဉ်မောင်း ကျော်ဆွေ(ခ) မောင်ငယ်(၄၄နှစ်)မှာ စီယာတိုင်နှင့် ထိုင်ခုံနှစ်ခုကြားညပ်၍ သေဆုံးခဲ့သည်။ အမှုအား ကွတ်ခိုင် မြို့မရဲစခန်းက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မော်လမြိုင် ဇန်နဝါရီ ၁၀

မော်လမြိုင်မြို့ ကြာအင်းကျေးရွာ ခရွန်းရပ် မွန်စုဆီဆိုင်လမ်းနေ တေဇာအောင်(ခ)အောင်ကိုလတ်၏နေအိမ်၌ မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းရရှိသဖြင့် မူးယစ်တပ်ဖွဲ့စု(၃၈)မော်လမြိုင် ဒုရဲမှူးနိုင်ထန်းမနားနှင့်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၇ ရက်က သွားရောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၊ အဖြူရောင်ပုံဆောင်ခဲ ၁၅ ဂရမ်၊ ငွေကျပ် ၅၀၀၀၀၀ နှင့် အရှည်တစ်ပေနှစ်လက်မခန့်ရှိ လှျပ်စစ်ကျဉ်စက်တစ်လုံးတို့ကို တွေ့ရှိပြီး မုပွန်နယ်မြေရဲစခန်းက တေဇာအောင်(ခ) အောင်ကိုလတ် (၃၁နှစ်)ကို အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

တင်ထွဋ်(မော်လမြိုင်)

ကျောက်တံခါးမြို့၌ ပုပ်ပွသေဆုံးအလောင်းတွေ့ရှိ

ကျောက်တံခါး ဇန်နဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရဲစခန်း၏ တောင်ဘက် သုံးမိုင်ခန့်အကွာ ဟာရီးကျေးရွာအုပ်စု ဆာရာဝန်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမိုင်တိုင်အမှတ် ၁၁၂/၄ လမ်း၏ အနောက်ဘက် ပေတစ်ရာခန့်အကွာ လယ်ကွင်းထဲ၌ ပုပ်ပွသေဆုံးနေသော လူသေအလောင်းတစ်လောင်းကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက တွေ့ရှိခဲ့သည်။

လူသေအလောင်းတွေ့ရှိရာသို့ တာဝန်ရှိသူများ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ သေဆုံးသူမှာ ရမ်းကူးမား(၂၁နှစ်) ဖြစ်ကြောင်းသိရပြီး ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ် ကျောက်တံခါးမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

နှစ်လုံးထီလောင်းကစားပြုလုပ်သူများအား ဖမ်းဆီး

နေပြည်တော် ဇန်နဝါရီ ၁၀

ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက်နေ ဒေါ်တင်တင်ရီ(၄၅ နှစ်)၏ နေအိမ်တွင် နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးရာ နေအိမ်တွင် ဒေါ်တင်တင်ရီအား နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေး ငွေကျပ် ၁၂၂၀၀၀ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ညနေ ၃ နာရီ မိနစ် ၂၀ တွင် မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက်နေ ဒေါ်ပူတူး(ခ)ဒေါ်သန်းသန်းညွန့် (၆၀ နှစ်)၏ နေအိမ်တွင် နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးရာ နေအိမ်တွင် ဒေါ်ပူတူး(ခ)ဒေါ်သန်းသန်းညွန့်အား နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၂၅၀၀ တို့နှင့် ဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်တင်တင်ရီ (၄၅ နှစ်) နှင့် ဒေါ်ပူတူး(ခ) ဒေါ်သန်းသန်းညွန့် (၆၀ နှစ်)တို့ နှစ်ဦးကို အမှတ်(၇)နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဓာတ်ကြိုးတက်ပြုတ်စဉ် လူနှစ်ဦးဓာတ်လိုက် တစ်ဦးသေဆုံး

ပွင့်ဖြူ ဇန်နဝါရီ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သရက်တောရွာတွင် ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီခန့်က လူတစ်ဦး လျှပ်စစ်ဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ လယ်ကိုင်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ပွင့်ဖြူမြို့နယ် သရက်တောရွာ ဘူးသည်မုန်းချောင်းဆိပ်ကမ်းပါးအနီးတွင် မုန်းချောင်းဆိပ်ကမ်း အနောက်ဘက် သုံးဖာလုံခန့်အကွာရှိ ကျောင်းတော်ရာ ကျေးရွာဘက်မှ သရက်တောကျေးရွာသို့သွယ်တန်းထားသော (၁၁)ကေဗွီ ဓာတ်တိုင်အမှတ် (၂၂)အနီး ဓာတ်တိုင်အဟောင်းမှ ဓာတ်ကြိုးအား သရက်တောကျေးရွာနေသူ အောင်မြတ်မင်း(၃၀နှစ်)နှင့် တစ်ရွာတည်းနေ ဦးအေးဝင်း (၅၇နှစ်)တို့နှစ်ဦး တက်ဖြုတ်စဉ် လျှပ်စစ်လွှတ်ထားသော ဓာတ်တိုင်ကြိုးနှင့်ထိမိကာ ၎င်းတို့နှစ်ဦးမှာ ဓာတ်လိုက်ပြီး အမြင့်ပေ ၂၀ ခန့်ရှိ ဓာတ်တိုင်ပေါ်မှ ပြုတ်ကျ၍ အောင်မင်းမြတ်မှာ ရရှိသောဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဦးအေးဝင်းတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ပွင့်ဖြူမြို့နယ် လယ်ကိုင်းနယ်မြေရဲစခန်းမှ အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **ဒေါက်တာသန်းသန်းနွဲ့ (Director, Asia Plaza Hotel)** အား **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ပဓာန ဆရာတော်ကြီးနှင့်
နာယက/စာချဆရာတော်များ
မင်္ဂလာရာမပါဠိတက္ကသိုလ်
သိမ်ဖြူလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် **ဒေါ်သက်သက်နိုင် (ဒါရိုက်တာ၊ ဇမ္ဗူသီရိဟိုတယ်၊ နေပြည်တော်)**အား **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ပဓာန ဆရာတော်ကြီးနှင့်
နာယက/စာချဆရာတော်များ
မင်္ဂလာရာမပါဠိတက္ကသိုလ်
သိမ်ဖြူလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူများနှင့် အင်္ဂလိပ်စာထူးချွန်လိုသူများအတွက်
ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 11 Jan
9 - 12:00 (Sat + Sun) 16 Jan
7:30 - 9 (Mon ~ Thurs) 18 Jan
6 - 7:30 (Mon ~ Thurs) 18 Jan

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 5,18 Jan
7:30-10:30 (Sat + Sun) 9 Jan
6 - 7:30 (Mon ~ Thurs) 11 Jan
7:30 - 9 (Mon ~ Thurs) 18 Jan
10 - 12 (Mon ~ Thurs) 25 Jan

BASIC WRITING
10-11:30 (Mon ~ Thurs) 28 Dec
12 - 3:00 (Sat + Sun) 16 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 5 Jan
9 - 12:00 (Sat + Sun) 16 Jan
3:30 - 5 (Mon ~ Thurs) 18 Jan
12 - 3:00 (Sat + Sun) 23 Jan

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 5 Jan
1 - 2:30 (Mon ~ Thurs) 18 Jan
10-12:00 (Mon ~ Thurs) 25 Jan

VOCAB ENRICHMENT
3:30 - 5 (Mon ~ Thurs) 28 Dec
10-11:30 (Mon ~ Thurs) 18 Jan

BASIC GRAMMAR
1 - 4:00 (Sat + Sun) 16 Jan

INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 11 Jan

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 18 Jan
7:30-10:30 (Sat + Sun) 23 Jan
12 - 3:00 (Sat + Sun) 23 Jan

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 5 Jan
7:30 - 9 (Mon ~ Thurs) 18 Jan
10-11:30 (Mon ~ Thurs) 18 Jan

BASIC GRAMMAR
7:30-10:30 (Sat + Sun) 23 Jan

IELTS (Preparation)
1 - 4:30 (Sat + Sun) 2 Jan
1 - 3:30 (Mon to Thurs) 18 Jan

IELTS (Writing)
7:30-10:30 (Sat + Sun) 23 Jan

BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 5,26 Jan
3 - 4:30 (Mon ~ Thurs) 11 Jan
7:30 - 9 (Mon ~ Thurs) 18 Jan
6 - 7:30 (Mon ~ Thurs) 18 Jan

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 16 Jan

IELTS (Preparation)
12:30-3:30 (Sat + Sun) 6 Feb

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 15 Feb

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 11 Jan

IELTS (Grammar)
10-11:30 (Mon ~ Thurs) 1 Feb

သနိုးငွေးနှင့်ရောင်းရင်းများ ဖူ ကျိုက်ထီးရိုး/ ရောင်းသာ(နေ့ဉ်)
မန်းရွှေစက်တော် ပါဒရြေတော်ရာပွင့်ပွဲသို့ (11-2-2016) ထွက်မည်
ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန် (၃)ရက်။
ရွှေစက်တော်၊ ပုဂံ-ညောင်ဦး ပုပ္ပါး စွယ်တော်လေးဆူ (၅)ရက်။
ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘာတောင် (၅)ရက်။
ရွှေစက်တော်၊ ရခိုင်-မြောက်ဦး ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ(၈)ရက်။
စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၄)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ (၅)ရက်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း (၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။
မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန် (၇)ရက်။
ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ (၅)ရက်။
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ၊ (ကျိုက်ထီးရိုး)ပါ (၃)ရက်။
Jan 15,22,29
Feb 5,12,19,26
လျှန်ပြည်တော်ပြန် နေပြည်တော် ပြည်-အကောက်တောင် မဲလဲဆံတော်ရှင် (စနေ၊ တနင်္ဂနွေ)
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၃၉၃၅၄၊ Click Adixin 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာထူး ၉/မနတ(နိုင်)၀၉၆၅၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အသင်းကြီးတွေထိပ်တိုက်တွေ့မယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၁)

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဇန်နဝါရီ ၁၃ ရက်နဲ့ ၁၄ ရက်တို့မှာ ပရီမီယာလိဂ်ပွဲစဉ်(၂၁)ကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ ပရိသတ်အတွက်စိတ်ဝင်စားစရာအကောင်းဆုံးကတော့ လီဗာပူးနဲ့အာဆင်နယ်ပွဲဖြစ်သလို မန်စီးတီးနဲ့ အဲဗာတန်၊ ချယ်လ်ဆီးနဲ့ဝက်စ်ဘရွန်းတို့ပွဲတွေကလည်း စိတ်လှုပ်ရှားစရာကောင်းနေပြန်ပါတယ်။ ဒီတစ်ပတ်အတွက် ပွဲရလဒ်ကံကောင်းခြင်းကတော့ အမြဲတမ်းစိုးရိမ်ပူပန်နေရတဲ့မန်ယူတို့ပဲဖြစ်လေမလား စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

လီဗာပူးနှင့်အာဆင်နယ်

လီဗာပူးကွင်းမှာ ကစားတိုင်း အာဆင်နယ်တို့ ရလဒ်မကောင်း တတ်တာသတိပြုရပါလိမ့်မယ်။ လီဗာပူးကွင်းမှာ နောက်ဆုံးနှစ်ပွဲကစားခဲ့တဲ့ အာဆင်နယ်ရဲ့မှတ်တမ်းကို ကြည့်ရင် ငါးဂိုး-တစ်ဂိုးနဲ့ တစ်ပွဲရှုံးထားသလို နှစ်ဂိုးစီလည်း သရေပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် လောလောဆယ်မှာနှစ်သင်းစလုံးခြေစွမ်းတိုးတက်နေတာမို့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့အတူ အများအယွင်း အနည်းဆုံးဖြစ်အောင် ကစားကြပါလိမ့်မယ်။ ဒီပွဲမှာ အိမ်ရှင်ကြိုးကြာနီတို့ တောင်ပံခတ်ပြီး အောင်ပွဲခံဟာစ်ကြွေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

မန်စီးတီးနှင့်အဲဗာတန်

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် မန်စီးတီးက သုံးပွဲနိုင်ပြီး အဲဗာတန်က တစ်ပွဲနိုင်ကာ သရေတစ်ပွဲဖြစ်ထားပါတယ်။ မန်စီးတီးဟာ တန်းစီဇယားထိပ်ကို ပြန်လည်စိုးမိုးနိုင်ရေးအတွက် ကြိုးစားလာမှာဖြစ်ပြီး အမာခံကစားသမားအစုံအလင်နဲ့ပွဲထွက်လာမှာ သေချာပါတယ်။ အဲဗာတန်တို့ကလည်း အဝေးကွင်းမှာ ခြေစွမ်းပြတတ်တဲ့အသင်းဖြစ်ပြီး အမှတ်ရအောင်ယူနိုင်တာမို့ မန်စီးတီးတို့နိုင်ရင်တောင်ကပ်ပြီး နိုင်ပွဲရပါလိမ့်မယ်။

ချယ်လ်ဆီးနှင့်ဝက်စ်ဘရွန်း

အခုနောက်ပိုင်း ပွဲစဉ်တွေမှာ ချယ်လ်ဆီးကိုနိုင်ပွဲရအောင် ကစားလာတဲ့ ဝက်စ်ဘရွန်းဟာ ဒီပွဲကိုလည်း ကစားအားတင်ပြီး ခြေကုန်ထုတ်ဖို့ ပြင်ဆင်ပါလိမ့်မယ်။ ချယ်လ်ဆီးနဲ့ ဝက်စ်ဘရွန်းတို့နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် ချယ်လ်ဆီးကနှစ်ပွဲနိုင်ပြီး ဝက်စ်ဘရွန်းက တစ်ပွဲနိုင်ကာ နှစ်ပွဲသရေဖြစ်ထားပါတယ်။ တန်းဆင်းဇုန်အတွင်း မကျဆင်းအောင် အစွမ်းကုန်အားထုတ်လာမယ့် ဒီပွဲမှာချယ်လ်ဆီးတို့ တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဒီပွဲမှာ အဝေးကွင်းဖြစ်နေတဲ့ ဝက်စ်ဘရွန်းထက်ချယ်လ်ဆီးကို အားပေးတာမှန်ကန်ပါလိမ့်မယ်။

နယူးကာဆယ်နှင့်မန်ယူ

ပြိုင်ဘက်အသင်းတွေ ပွဲကျပ်နေတဲ့ အချိန်မှာ မန်ယူတို့အမှတ်ပြည့် ရယူနိုင်မလားကြည့်ရမှာ ဖြစ်ပါတယ်။ နယူးကာဆယ်ကွင်းမှာ ကစားတိုင်း မန်ယူတို့ ရှုံးပွဲတွေမရှိပေမယ့် လက်ရှိမန်ယူရဲ့တိုက်စစ်က အားရစရာမရှိပါဘူး။ တိုက်စစ်မှူးတွေမှာ အနိုင်ရလိုစိတ် ပြင်းထန်မှုမရှိတာကို နည်းပြ ဗန်ဟားလ် ဘယ်လိုနည်းဗျူဟာခင်းကျင်းမလဲကြည့်ရမှာဖြစ်ပါတယ်။ နယူးကာဆယ်ကွင်းမှာ ကစားတိုင်း ခက်ခဲတတ်တဲ့မန်ယူဟာ အခုပွဲမှာ တစ်မှတ်ရရင်ပဲ ဝမ်းသာရမယ့် အခြေအနေဖြစ်နေပါတယ်။

စပါးနှင့်လက်စတာ

ပုံမှန်ခြေစွမ်းရအောင် ရုန်းကန်နေရတဲ့လက်စတာတို့အတွက် စပါးနဲ့တွေ့ရတာက ပွဲကျပ်ဖြစ်နေပါတယ်။ စပါးတို့က အခုတလောခြေစွမ်းကောင်းမွန်နေပြီး အမှတ်တွေမဆုံးရှုံးအောင် ထိန်းသိမ်းနိုင်စွမ်းရှိနေပါတယ်။ သရေပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ လက်စတာတို့က ဒီပွဲမှာလည်း အဲဒီရလဒ်မျိုးပဲ ထွက်ပေါ်လာဖို့များပါတယ်။

အာဆင်နယ်နှင့် လီဗာပူးတို့ ပထမအကျော့တွေ့ဆုံစဉ်က ယှဉ်ပြိုင်ကစားမှုကို တွေ့ရစဉ်။

ဆွမ်ဆီးနှင့်ဆန်းဒါးလန်း

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ နှစ်ပွဲမှာ နှစ်ပွဲစလုံးသရေပွဲဖြစ်နေတာမို့ ဒီပွဲမှာတော့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ အဝေးကွင်းမှာ စွမ်းဆောင်ရည် ကျဆင်းတတ်တဲ့ ဆန်းဒါးလန်းရဲ့ အားနည်းချက်က ဆွမ်ဆီးတို့ အကြိုက်ဖြစ်သွားနိုင်တာမို့ တန်းဆင်းဇုန်ရုန်းထမှုက ဘယ်လောက်အထိ ပြသနိုင်မယ်ဆိုတာ ဧည့်သည်တို့ဖော်ဆောင်ရတော့မှာဖြစ်ပါတယ်။ ဆွမ်ဆီးတို့က အိမ်ကွင်းမှာ နိုင်ပွဲတွေဆက်တိုက်ရယူဖို့အတွက် ဒီပွဲကိုအလေးထား ကစားပြီး သုံးမှတ်အပြည့်ယူဖို့ အားထုတ်မှာ သေချာနေပါတယ်။ အကြိုက်က ဆွမ်ဆီးတို့ပါပဲ။

မိုးမြင့်လင်းလက်
စုစည်းသည်

စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွေလာပြီ

စပိန်ဘုရင့်ဖလား ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွေကိုဇန်နဝါရီ ၁၂ ရက်နဲ့ ၁၃ ရက်တို့မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပထမအကျော့မှာ ရလဒ်မကောင်းခဲ့တဲ့အသင်းတွေအတွက် ဒုတိယအကြိမ်အခွင့်အရေးတွေ ဖန်တီးနိုင်မလားကြည့်ရမှာ ဖြစ်ပါတယ်။ ပထမအကျော့မှာအသင်းကြီးအချို့ မျက်နှာပန်းမလှခဲ့တာကြောင့် ဒီပွဲမှာ ပြန်လည်ကုစားနိုင်မလား စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

ပထမအကျော့မှာ တစ်ဂိုးစီသရေကျခဲ့တာမို့ ဒီပွဲမှာတော့ အက်သလက်တီကိုတို့ ဗယ်လီကာနိုကို ခြေကုန်ဖွင့်တော့မှာ ဖြစ်ပါတယ်။ ကွင်းလယ်ကစားအားလည်း ကောင်းမွန်တဲ့ အိမ်ရှင်တို့ဟာ အခုပွဲမှာ တွန်းတွန်းတိုက်တိုက်ကစားပြီး အောင်ပွဲခံဖို့ အားထုတ်လာပါလိမ့်မယ်။ ဒီပွဲက အက်သလက်တီကိုရဲ့ပွဲပါ။

ဗီလာရီးရဲတို့ ပထမအကျော့ပွဲစဉ်မှာသုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးထားလို့ အခုပွဲမှာ ဖောင်ဖျက်တိုက်ပွဲဝင်ရမယ့်အနေအထားပါပဲ။ ဘီဘာအိုတို့ကအသင်းလိုက် စိတ်ဓာတ်ကောင်းကောင်းနဲ့ကစားတတ်ပြီး ဗီလာရီးရဲကို ထိန်းချုပ်သွားနိုင်ရေး ကြိုးစားမှာဖြစ်ပေမယ့် ဒီပွဲမှာတော့ ဗီလာရီးရဲတို့ပဲ အသာစီးရဖို့ များပါတယ်။

ပထမအကျော့မှာ မီရန်ဒက်စ်နဲ့ တစ်ဂိုးစီသရေဖြစ်ထားလို့ အခုပွဲမှာ ဒီပို့တီဗိုတို့ အားထုတ်မှုမြင့်မားပါလိမ့်မယ်။ ဒီပို့တီဗိုတို့က အိမ်ကွင်းဖြစ်တာမို့ နောက်တစ်ဆင့်တက်ရေး အစွမ်းကုန်အားထုတ်မှာသေချာနေပါတယ်။

ပထမအကျော့မှာ ဂရင်နာဒါကို လေးဂိုးပြတ်နဲ့နိုင်ထားတဲ့ ဗလင်စီယာတို့ နောက်တစ်ဆင့်တက်နိုင်ရေး ဒီပွဲကိုလည်း အလေးအနက်ထားကစားပါလိမ့်မယ်။ ဗလင်စီယာတို့ပဲ အောင်ပွဲခံပြီး နောက်တစ်ဆင့် တက်လှမ်းပါလိမ့်မယ်။

ဆီဗီလာတို့ အိမ်ကွင်းမှာ ပုံစံကောင်းရရှိနေတာကို ဆက်လက်ပြသပါလိမ့်မယ်။ ဘက်တစ်ရဲ့ကစားအားက အားရစရာမရှိတာမို့ ပထမအကျော့ပွဲစဉ်မှာ နှစ်ဂိုးပြတ်ရှုံးထားတာကို ဒီပွဲမှာပြန်ချေပနိုင်ဖို့တော့ မလွယ်ပါဘူး။

ပထမအကျော့ပွဲစဉ်မှာ လေးဂိုး-တစ်ဂိုးနဲ့အနိုင်ရထားတဲ့ ဘာစီလိုနာတို့က အခုပွဲမှာလည်း အိမ်ရှင်ကိုမျက်နှာသာပေးမှာမဟုတ်ပါဘူး။ အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့ အက်စ်ပန်ညိုကို ဘာစီလိုနာတို့ခက်ခဲနိုင်ပေမယ့် နိုင်ပွဲရမယ့်ပွဲပါပဲ။

ဆယ်လ်တာဗီဂိုတို့က ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲဟာ အိမ်ကွင်းမှာကစားရမှာမို့ အခြေအနေကောင်းနဲ့ကြုံတွေ့ရမယ့်ပွဲပါပဲ။ ကာဒစ်တို့ အသင်းလိုက်ကစားအားကောင်းပေမယ့် အားထုတ်မှုအပိုင်းမှာတော့ ဆယ်လ်တာဗီရိုတို့ကို မမီတာမို့ ဒီပွဲမှာလည်း အိမ်ရှင်တို့ပဲ နိုင်ပွဲရသွားမှာ ဖြစ်ပါတယ်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

လှရတနာမြေဖင်းတောရသာသနရိပ်သာပင်မ အလှူ့ဒါယကာကြီး ASIA EXPRESS GROUP Ltd. ဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင် ၏ ဇနီး **ဒေါ်သက်သက်နိုင်** (Director, ZABU THIRI HOTEL) (Director, ROYAL PRESIDENT HOTEL) အား ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ဖြင့် ဂုဏ်ထူးဆောင် **"သုဓမ္မသီဂိ"**ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

လှရတနာမြေဖင်းတောရသာသနာ့ရိပ်သာအကျိုးဆောင်အဖွဲ့

သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing) (၂)နှစ်သင်တန်းဝင်ခွင့် စာမေးပွဲစစ်ဆေးရန်နေရာတိုးချဲ့ခြင်းနှင့် ရက်ပြောင်းလဲသတ်မှတ်ခြင်း

၁။ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing)(၂)နှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်းကို မြန်မာ့အလင်းသတင်းစာ(မြန်မာ)တွင် ၂၂-၁၁-၂၀၁၅ ရက်၌လည်းကောင်း၊ ကြေးမုံသတင်းစာတွင် ၂၃-၁၁-၂၀၁၅ ရက်၌လည်းကောင်း လျှောက်လွှာခေါ်ယူခဲ့ရာ ရေးဖြေစာမေးပွဲစစ်ဆေးမည့်နေရာကို သူနာပြု/သားဖွားသင်တန်းကျောင်း၊ နေပြည်တော်တွင် ၁၅-၁-၂၀၁၆ ရက်၌ စစ်ဆေးရန်ကြော်ငြာခဲ့ပါသည်။ ယခုအခါ စာမေးပွဲစစ်ဆေးခြင်းများ အဆင်ပြေချောမွေ့နိုင်ရေးအတွက် ၁၆-၁-၂၀၁၆ ရက်သို့ ပြောင်းလဲ၍စစ်ဆေးမည်ဖြစ်ပြီး စာစစ်ဌာနကို သူနာပြု/သားဖွားသင်တန်းကျောင်း၊ နေပြည်တော်နှင့် အမှတ်(၆)၊ အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်တွင် တိုးချဲ့ကျင်းပစစ်ဆေးမည်ဖြစ်ပါသဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်တွင် စတင်ထုတ်ယူနိုင်မည် ဖြစ်ပါကြောင်း ထပ်မံကြော်ငြာအပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ သူနာပြုဌာနစိတ်၊ ရုံးအမှတ်(၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ-၈၁၈၊ ၈၁၉သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အထူးလှိုက်လှဲစွာဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **ဒေါ်သက်သက်နိုင်** (Director, ZABU THIRI HOTEL)(Director, ROYAL PRESIDENT HOTEL)အား **"သုဓမ္မသီဂိ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ချစ်အစ်မကြီးမိသားစုနှင့် ထပ်တူ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးစန်းမွန်အောင်(မြေမှုန်လွင်)၊ ဒေါ်သီရိနိုင်

NDSP(Book Shop & Publishing House)

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင်အနောက်ကျေးရွာ၊ ကွင်းအမည် ကော့ကျိုက်အနောက်ကွင်းအမှတ် ၁၂၆၈-က၊ အကွက်အမှတ် ၅၀၊ (၆၀×၈၀)ပေ၊ ဧရိယာ ၀ ဒသမ ၁၁ ဧကအား မူလပိုင်ရှင် ဦးကျော်လွင်ထံမှ ၁၉၉၈ခုနှစ် ဒေါ်ဖြူဖြူဝင်းကလည်းကောင်း၊ ဒေါ်ဖြူဖြူဝင်းထံမှ ၂၀၀၉ခုနှစ်ခန့်တွင် ဦးရွှေခိုင်ကလည်းကောင်း ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။ အထက်ပါမြေကွက်မူလပိုင်ရှင် ဦးကျော်လွင်နှင့် မြေကွက်လက်ဝယ်ရှိသူ ဦးရွှေခိုင်တို့၏ နှစ်ဖက်သိုနိုင်းချက်အရ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင်အနောက်ကျေးရွာ၊ ကွင်းအမည် ကော့ကျိုက်အနောက်၊ ကွင်းအမှတ် ၁၂၆၈-က၊ အကွက်အမှတ် ၂၅၃။ (၆၀×၈၀)ပေ၊ ဧရိယာ ၀ဒသမ ၁၁ဧကရှိ ဦးကျော်လွင် ပိုင်ဆိုင်သော ဒေါ်ဘောဂီစန်း အမည်ပေါက်မြေကွက်ကို ဦးရွှေခိုင်သို့ လက်ရောက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါသည်။ ဦးရွှေခိုင်အနေဖြင့်လည်း အကွက်အမှတ် ၂၅၃ကို လက်ခံရယူပါက အကွက်အမှတ် ၅၀ ၏ ပိုင်ဆိုင်ခွင့်အား စွန့်လွှတ်ရမည်ဖြစ်ပါသည်။ ဦးရွှေခိုင်အနေဖြင့် အကွက်အမှတ် ၂၅၃ ကို လက်ဝယ်ရရှိပါက ဘားအံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့တွင် အမည်ပြောင်းကိစ္စများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အကွက်အမှတ် ၂၅၃နှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာဌာနများသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဦးရွှေခိုင်အနေဖြင့် အကွက်အမှတ် ၂၅၃ လက်ခံရယူခြင်းအပါအဝင် အမည်ပြောင်းကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မြတ် LL.B — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉)**

ဒေါ်စုသန္တာဝင်း LL.B, LL.M — **အထက်တန်းရှေ့နေ (စဉ်-၃၅၂၉၇)**

မြင့်မိုရ်တံခွန် (Law Firm)

ဖုန်း-၀၉-၇၃၀၅၄၃၃၉၊ ၀၉-၅၄၁၂၇၅၂၊ ၀၉-၄၃၀၃၁၁၅၀

နှစ်လအတွင်း ဘိန်းခင်းဧက ၂၃၀၀ ကျော် ဖျက်ဆီး

ဟိုပုံး ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုသုံးခုတွင် စိုက်ပျိုးထားသော ဘိန်းစိုက်ခင်း ၂၃၀၅ ဧကကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၂၀၁၆ ဇန်နဝါရီ ၅ ရက်အထိ နှစ်လခန့်အတွင်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်အတွင်းမှ ဘိန်းစိုက်ပျိုးလေ့ရှိသော ကျေးရွာအုပ်စုငါးခုမှ သုံးခုဖြစ်သည့် စံဖူး၊ ဖက်ရမ်းနှင့် စငေါ်ကျေးရွာအုပ်စုများမှ ဘိန်းစိုက်ခင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းဦးစီးပြီး တပ်ခွဲတစ်ခွဲနှင့် မြို့နယ် ရဲတပ်ဖွဲ့အင်အားများ ပူးပေါင်း၍ ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

ကျန်ရှိသည့် ကျေးရွာအုပ်စုနှစ်ခုဖြစ်သော နောင်လိုင်-မူဖိတ်ကျေးရွာအုပ်စုနှင့် လုံဟေးကျေးရွာအုပ်စုအတွင်းမှ ဘိန်းစိုက်ခင်းများကိုလည်း ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ၊ နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်၍ ဘိန်းခင်းများဖျက်ဆီးခြင်း၊ ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးကာ ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဘိန်းစိုက်ပျိုးရာ ဒေသများမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြှင့်တင်ပေးကာ ဘိန်းစိုက်ပျိုးမှု တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နန်းဦးခမ်း(ဟိုပုံး)

ကျေးလက်ဒေသအတွင်း လမ်းများအထိ ဝင်ရောက်နိုင်မည့် ထော်လာဂျီနောက်တွဲ မီးသတ်ယာဉ်ငယ်များ

တင်ဝင်းလေး (ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့်ဟူသော သင့်လေးသင့်နှင့်အတူ မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဟူသည့် ဆောင်ပုဒ်များကို အစဉ်နှလုံးသွင်းဆောင်ရွက်လျက်ရှိနေသည့်အတွက် မြို့ကြီးများတွင် မီးလောင်မှုဖြစ်ပွားရာ၌ အလျင်အမြန်ဆုံးသောငြိမ်းသတ်ပေးမှုတို့နှင့်အတူ ဆုံးရှုံးမှုပမာဏတို့နည်းပါးလာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ထို့အပြင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မြို့ကြီးမြို့ငယ်အလျောက် မီးငြိမ်းသတ်ရေးယာဉ်အသစ်များကို ဖြည့်ဆည်းပေးထားသည်ကိုလည်း မကြာခဏကြားသိနေရသည်။

မြို့ကြီးများတွင် မီးငြိမ်းသတ်ရာ၌ မီးငြိမ်းသတ်ရေးယာဉ်များအတွက် အလွယ်တကူအဆင်ပြေစွာဝင်ရောက်ငြိမ်းသတ်ပေးနိုင်ခဲ့သော်လည်း အချို့သောကျေးလက်ဒေသများတွင်မူ ဒေသအနေအထားအရ မီးလောင်မှုဖြစ်ပွားရာနှင့် အနီးကပ်ဆုံး ချဉ်းကပ်ဖျန်းပေးနိုင်ရန် အခက် အခဲများရှိခဲ့သည်။ ထို့ကြောင့် မဆုံးရှုံးသင့်သောဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။

ဥပမာအားဖြင့်ဆိုရသော် ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်လင့်ကစား ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဘလုတ်ညွန့်ကျေးရွာတွင်မီးငြိမ်းသတ်ရေးယာဉ်ကြီးများ မီးလောင်သည့်နေရာအနီးသို့ ချဉ်းကပ်ပက်ဖျန်းပေးနိုင်မှုအခက်အခဲများရှိခဲ့သည်မှာ လက်တွေ့ဖြစ်သည်။ ထို့ကြောင့် ဆုံးရှုံးမှုပမာဏများပြားခဲ့သည်။ အဓိကမှာ ဝင်လမ်း၊ ထွက်လမ်းအခက်အခဲများကြောင့်ပင်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ရောက်ရှိစဉ်ကားပေါ်မှနေ၍ ထူးခြားသောမီးငြိမ်းသတ်ရေးယာဉ်ငယ်များကို ရုတ်တရက်တွေ့မြင်လိုက်ရသည်။ ခရီးတစ်ထောက်နား၍ ဝင်ရောက်လေ့လာမိခဲ့သည်။

ထားဝယ်မြို့နယ် ပိန္နဲတောရပ်ကွက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ဆုံစည်းရာ မီးသတ်အဆောက်အအုံအတွင်းဖြစ်သည်။ မီးသတ်အဆောက်အအုံအတွင်း၌ ခေတ်မီမီးငြိမ်းသတ်ရေးယာဉ်ကြီး ၁၁ စီး၊ ရေသယ်ယာဉ်လေးစီးနှင့်အတူ မီးငြိမ်းသတ်ရေး မော်တော်ဘုတ်တစ်စင်းတို့အပြင် ထူးခြားသောမီးငြိမ်းသတ်ရေးယာဉ်ငယ်သုံးစီးတို့ကို တွေ့လိုက်ရသည်။

ထိုထူးခြားသောမီးငြိမ်းသတ်ရေးယာဉ်ငယ်လေးများအကြောင်းကိုမေးမြန်းရာ၌ ထားဝယ်မြို့နယ် မီးသတ်စခန်းမှူး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးစိန်ထွန်းက ရှင်းလင်းပြောကြားပေးခဲ့သည်။

"ဒေသနဲ့လိုက်လျောညီထွေဖြစ်တဲ့ မီးငြိမ်းသတ်ရေးယာဉ်ငယ်လေးတွေပါ။ ကျေးလက်ဒေသသုံး ထော်လာဂျီကို ပြန်လည်ပြုပြင်ပြီး တီထွင်ထားတာပါ" ဟုဆိုသည်။

ထော်လာဂျီနောက်တွဲအပေါ်တွင် ဂါလန် ၄၀၀ ဆံ့လေးထောင့်ရေတိုင်ကီတစ်လုံးတင်ထားပြီး ရေတိုင်ကီဘေးပတ်လည်၌ ရေပက်ရန် ရေပိုက်လိပ်များအစီအရီတင်ထားသည်ကိုတွေ့ရသည်။

ယာဉ်ရှေ့ဘီးများကို လယ်ထွန်စက်ဘီးများတပ်ဆင်ထားသည့်အတွက် လမ်းတွင်အဟန့်အတားဖြစ်မည့် လယ်ကန်သင်း ကန်ပေါင်များအား အလွယ်တကူဖြတ်သန်းကျော်လွှားသွားနိုင်မည်ဖြစ်သည်။

ယာဉ်ငယ်၏ရှေ့ပိုင်းတွင် မောင်းနှင်နိုင်ရန်အတွက် တရုတ်နီအင်ဂျင်စက် ၁၈ကောင်အား တပ်ဆင်ထားပြီး ယာဉ်နောက်တွင် ဟွန်ဒါအမျိုးအစားရေစုပ်စက်ပန့်ကို တပ်ဆင်ထားသည်ကိုတွေ့ရသည်။

ဒုတိယမီးသတ်ဦးစီးမှူး ဦးစိန်ထွန်းက "နောက်အထိုင်စက်က ရေလည်းစုပ်လို့ရတယ်။ ရေလည်းပက်လို့ရတယ်။ တစ်ပြိုင်နက်တည်း ရေစုပ်၊ ရေပက်လို့ရတယ်။ မီးသတ်ကားကြီးတွေနဲ့ရေပိုက်အရွယ်တူပဲမို့ ပက်အားလည်းကောင်းပါတယ်။ လက်တွေ့ကွင်းဆင်းလေ့ကျင့်မှုတွေလည်း ပြုထားပြီးဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ထို့အပြင် ယင်းထော်လာဂျီမီးငြိမ်းသတ်ရေးယာဉ်ငယ်များမှာ မီးငြိမ်းသတ်မှုတွင်သာမက ရေရှားသောကျေးလက်များသို့ ရေလှူဒါန်းမှုတွင်ပါ အသုံးပြုနိုင်ကြောင်း သိရသည်။

ထားဝယ်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များတီထွင်သည့် ထော်လာဂျီမီးငြိမ်းသတ်ရေးယာဉ်ငယ်များကဲ့သို့ အခြားသောမြို့နယ် မီးသတ်ရုံးများနှင့် အလှမ်းကွာဝေးရာကျေးလက်ဒေသများတွင်ပါ အထိုင်ချထားရှိပါက မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အထောက်အကူဖြစ်နိုင်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး

ကော့သောင်း ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမြို့နယ်များမှ စေတနာရှင်များပူးပေါင်းကာ ကော့သောင်းခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲနှင့် အကျိတ်အဖု ဝေဒနာရှင်ပြည်သူများအား ဇီဝိတကုသိုလ်ဒါနအဖြစ် ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၉ ရက်က အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြကြောင်း သိရသည်။

အခမဲ့ခွဲစိတ်ကုသပေးရာတွင် ဂျာမဏီနိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီးငါးဦးနှင့် ကော့သောင်းခရိုင် ဆရာဝန်ကြီးဒေါက်တာနေလင်း ၊ မေ့ဆေးဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့် ဆရာဝန်အဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပရဟိတလုပ်အားဒါနပြုအဖွဲ့များ၊ NGO အဖွဲ့များနှင့် ပူးပေါင်းကာ ခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာသည်များ၊ အရေပြားပေါ်ရှိ အကျိတ်အဖုများ ၊ မီးလောင်ဒဏ်ကြောင့်ဖြစ်သည့် အနာရွတ်များ ၊ အဆိပ်ရှိသတ္တဝါများ အကိုက်ခံရသဖြင့်ဖြစ်သော ကြွက်သား/အရေပြား ပျက်စီးမှုရောဂါများစသည့် ရောဂါများဖြစ်ပွားနေသည့် ဝေဒနာရှင် ၁၅၀ ကို အခမဲ့ကုသိုလ်ဖြစ်စတင် ခွဲစိတ်ကုသပေးကြပြီး အဆိုပါလူနာများအား ဇန်နဝါရီ ၁၅ရက်အထိ ဆက်လက်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ကိုယ့်အားကိုယ်ကိုး ချောင်းကူးဘေလီတံတား တည်ဆောက်လျက်ရှိ

ဗန်းမောက် ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံအင်-မင်းကုန်းကျေးရွာအုပ်စု သရက်ကုန်း-ကူးဆိပ်ရွာတွင် မံအင်-မံလောင် ချောင်းကြီးချောင်းကို ဖြတ်သန်းကာ သံပေါင်သစ်သားခင်း ဘေလီတံတားကို ကိုယ့်အားကိုယ်ကိုး စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် ချောင်းကြီးချောင်းသည် နှစ်စဉ်မိုးရာသီတွင် ရေကြီးရေလျှံမှုဖြစ်ကာ တံတားများရေမျောပါမှုဖြစ်ပွားခဲ့သည့်အတွက် ခိုင်ခံ့သောတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ခိုင်ခံ့သော သံပေါင်ဘေလီ ကွန်ကရစ်တံတားတည်ဆောက်ရန် လိုအပ်သည့်အတွက် မံအင်-မင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးတင်ဖေနှင့်အဖွဲ့၊ တံတားဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့နှင့် စေတနာရှင်အလှူရှင်များက ဗန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၏ ညွှန်ကြားမှုကိုခံယူကာ တံတားတည်ဆောက်ရန် ဒီဇင်ဘာလအတွင်း ပန္နက်တင်ခဲ့ကြောင်း၊ ဇန်နဝါရီ ၅ ရက်မှစ၍ ကမ်းကပ်ခုံဖောင်ဒေးရှင်း ကွန်ကရစ်ခုံကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း တံတားဖြစ်မြောက်ရေးအကျိုးတော်ဆောင်များ၏ ပြောကြားချက်အရ သိရသည်။

"အရင်ကတော့ ကြိုးတံတားတည်ဆောက်မလို့ပါ။ ရာသီမရွေး ယာဉ်ကြီးယာဉ်ငယ်တွေ ဖြတ်သန်းသွားလာလို့ရအောင် သံပေါင်ဘေလီ ကွန်ကရစ်တံတားကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ဖို့ ဒေသခံ အားလုံးက ရွေးချယ်ဆုံးဖြတ်ခဲ့ကြတဲ့ အတွက် အကျယ် ၁၅ ပေ၊ အရှည် ၂၄၅ ပေ၊ ရေလယ်ကွန်ကရစ်တိုင် နှစ်တိုင်၊ ကမ်းကပ်ခုံကွန်ကရစ်တိုင် နှစ်တိုင်ရှိတဲ့ သံပေါင်ဘေလီတံတားကို ဗန်းမောက်မြို့က အင်ဂျင်နီယာ ဦးညိုမြက တာဝန်ယူပြီး အရှေ့ကုန်းကျေးရွာနဲ့ အနောက်ကုန်းကျေးရွာမှ ဒေသခံလုပ်အားပေး ၅၀ ကျော်တို့က တံတားပြီးအောင် ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်သွားမှာပါ။ တံတားဆောက်လုပ်တဲ့ ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ၁၅၀၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

မိုးတွင်းရောက်ရင် ဒီချောင်းကြီးချောင်းဟာ ကမ်းပြည့်ကမ်းလျှံ ရေကြီးပြီး ၄ ရက်၊ ၅ ရက်လောက်ထိ ရေကမကျတော့ဘူး။ မော်တော်စက်လှေတွေလည်း မဖြတ်ရဲကြတော့ ဒေသခံတွေအတွက် သွားလာရေးတော်တော် အခက်အခဲဖြစ်ကြရပါတယ်။ အခုလောလောဆယ်မှာတော့ တံတားဆောက်လုပ်ရာမှာ အဓိကလိုအပ်နေတာက ရက်မသံပေါင်ပါ။ ဒါကိုအမြန်ဆုံးရရှိဖို့ သက်ဆိုင်ရာကို အကူအညီတောင်းခံထားပြီး အချိန်သုံးလအတွင်းမှာ အပြီးဆောက်လုပ်သွားမှာ ဖြစ်ပါတယ်" ဟု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါတံတား တည်ဆောက်ပြီးစီးပါက ဗန်းမောက်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့မှာ ဆက်သွယ်ရေးလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

နီတိုး

ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တပို့တွဲလ ဗုဒ္ဓပူဇနီယပွဲတော်ကို စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှကြီးမှူး၍ တပို့တွဲလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၄ ရက်)အထိ ၉ ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယပွဲတော်တွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ မြန်မာ့ရိုးရာထမနဲထိုးပွဲ၊ ခြင်းအလှခတ်ပွဲ၊ ဇာတ်သဘင်ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်ကာ ဈေးဆိုင်ခန်းပေါင်း ၁၈၀၀ ကျော် ဖွင့်လှစ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဗုဒ္ဓပူဇနီယပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသည့်ပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးနှင့် တည်းခိုနေထိုင်ရေး အဆင်ပြေလွယ်ကူစေရန်လည်း စီစဉ်ထားကြောင်း သိရသည်။ ဗုဒ္ဓပူဇနီယပွဲတော်သို့ ပါဝင်လှူဒါန်းလိုသော ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၆-၂၁၁၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

ပညာပါရမီ ဥယျာဉ်ဆီသို့ . . .

"ဆရာကြီးတို့အဖွဲ့က ငွေကြေးအခက်အခဲရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ပေးတယ်လို့သိရတဲ့အတွက် လာလျှောက်တာဖြစ်ပါတယ်။ အခုလို ဆရာကြီးတို့အဖွဲ့ အိမ်အရောက်လာကြည့်တာကိုလည်း ဝမ်းသာပါတယ်။ ကျွန်မသားလေးက စာတော်တယ်။ ဒါပေမယ့် စီးပွားရေးမပြေလည်တော့ သူတက်ချင်တဲ့ တက္ကသိုလ်ထားနိုင်ပါ့မလားလို့ တွေးတွေးပြီး အိပ်လို့တောင်မပျော်ဘူး။ အခု ဆရာကြီးတို့အဖွဲ့က ကျွန်မသားလေး တက္ကသိုလ်တက်ဖို့ ငွေကြေးထောက်ပံ့ပေးမယ်သိရတော့ အတိုင်းမသိ ဝမ်းသာ၊ ကျေးဇူးတင်ပါတယ်"ဟု ပြောနေသူမှာ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးရပြီး နည်းပညာတက္ကသိုလ်တက်ခွင့်ရ ကျောင်းသားတစ်ဦးရဲ့ မိခင်ပါ။

ထိုကျောင်းသားလေး၏ ဖခင်က ဆိုင်ကယ်ကယ်ရီ မောင်းသူဖြစ်ပြီး မိခင်ဖြစ်သူက သားသမီးအငယ်များကို ပြုစုထိန်းကျောင်းရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရဖို့ တိရစ္ဆာန်လေးများ မွေးမြူထားသည်ကို တွေ့ရပါသည်။

ထိုမြင်ကွင်းလေးကို စာရေးသူတို့ ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့(ဖျာပုံ)က ယခုပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်စရိတ် ထောက်ပံ့ကြေးလျှောက်ထားကြသူများ၏ နေအိမ်များသို့ ကွင်းဆင်းကြည့်ရှုစဉ် ဖျာပုံမြို့နှင့် လေးမိုင်ခန့်ကွာဝေးသည့် ရွာတစ်ရွာတွင် တွေ့ခဲ့ရခြင်းဖြစ်သည်။

ဖျာပုံမြို့တွင် ဖော်ပြပါ ကျောင်းသားကဲ့သို့ ပညာထူးချွန်ပြီး တက္ကသိုလ်တက်ရန် ငွေကြေးခက်ခဲနေသူများအတွက် ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့ကို တည်ထောင်ထားရှိသည်။ ပညာအရေး၊ ကြည်ဖြူပေး၍ ဖြည့်ဆည်းကူညီ၊ ပညာပါရမီ ဟူသော ဆောင်ပုဒ်ဖြင့် ဖျာပုံမြို့နေ ဆရာဦးလှကြည်နှင့် ဦးအောင်ခိုင်ဝင်းတို့က တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ စီ မတည်လှူဒါန်းလျက် ၂၀၁၃ ခုနှစ်မှစ၍ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အလှူရှင်များ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုများဖြင့် ထူးချွန်ကျောင်းသား ကျောင်းသူများ၏ ပညာရေးအတွက် ဆက်လက်ထောက်ပံ့လျက်ရှိသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖျာပုံစာစစ်ဌာနမှ ထူးချွန်စွာအောင်မြင်ပြီး တက္ကသိုလ်ဆက်တက်ရန် ငွေကြေးအခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကို ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့က ထောက်ပံ့လျက်ရှိရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူလေးဦးနှင့် ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူ ကိုးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၉ ဦးအား ထောက်ပံ့ပေးနေပြီး ကျောင်းသား ကျောင်းသူတစ်ဦးကို တစ်လလျှင် ၄၀၀၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့ပေးနေခြင်းဖြစ်သည်။

"ကျွန်တော့်အနေနဲ့ နှစ်ပေါင်းလေးဆယ်ကျော် အချိန်အတွင်း ဖျာပုံမြို့ ပညာရေးလောကမှာ ပညာရေးလုပ်ငန်းဖြင့် ရပ်တည်ခဲ့ရာ မိမိအပေါ်တင်ရှိခဲ့တဲ့ ကျေးဇူးကို ပညာရေးလမ်းကြောင်း ထစ်ငေါ့နေသူတွေကို ထောက်ပံ့ပေးခြင်းဖြင့် ပြန်လည်ကျေးဇူးဆပ်ခြင်းဖြစ်ပါတယ်။ မိမိကွယ်လွန်တဲ့အခါမှာလည်း ကျန်ရစ်သူတပည့် သားမြေးတွေက ဒီရန်ပုံငွေ ဆက်လက်တည်တံ့ ထောက်ပံ့နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်စေလိုပါတယ်"ဟု ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့ကို စတင်တည်ထောင်သူ ဆရာဦးလှကြည်က ပြောသည်။

ဖျာပုံမြို့ ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့အနေဖြင့် ယခုလက်ရှိ အခြေအနေတွင် ဖျာပုံမြို့နယ်အတွင်းသာမက ဖျာပုံစာစစ်ဌာနတွင် လာရောက်ဖြေဆိုခဲ့ပြီး ထူးချွန်စွာ အောင်မြင်ကာ တက္ကသိုလ်ဆက်တက်ရန် ငွေကြေးအမှန်တကယ်ခက်ခဲနေသည့် ဒေးဒရဲမြို့နယ်နှင့် ဘိုကလေးမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများကိုပါ ထောက်ပံ့နေကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့ရဲ့ ရန်ပုံငွေက လက်ရှိ သိန်း ၆၀၀ ကျော် ဘဏ်မှာ စုဆောင်းထားရှိပါတယ်။ ဒီလိုရန်ပုံငွေ တိုးပွားလာခြင်းကလည်း ပညာရေးကို စိတ်ဝင်စားတဲ့ အလှူရှင်များရဲ့ သဒ္ဓါတရားတွေကြောင့်ပါ။ ရန်ပုံငွေ ဆက်တိုးလာရင် ကလေးတွေကို ဒီထက်ပိုထောက်ပံ့ပေးဖို့ ရည်ရွယ်ထားပါတယ်"ဟု ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့သို့ နှစ်စဉ် အလှူငွေကျပ်သိန်းတစ်ရာ လှူဒါန်းပေးနေသူ ဦးအောင်ခိုင်ဝင်းက ပြောသည်။

ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့သည် ပညာရေးကို စိတ်ဝင်စားသည့် ဖျာပုံသူ ဖျာပုံသားတို့ စုပေါင်းထည့်ဝင်တည်ထောင်ထားသည့် အဖွဲ့ဖြစ်ပြီး ကိုယ့်မြို့ ကိုယ့်ဇာတိမြေမှ ပညာတတ်လူငယ်များ တိုးပွားပေါ်ပေါက်လာစေရန် မျှော်မှန်းချက်များဖြင့် ကြိုးစားနေခြင်းဖြစ်သည်။ ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်မှုသည် အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်ချက်များကို ပြည်သူများဘက်ကလည်း တတ်အားသရွေ့ ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်ပေးနေကြခြင်းဟု ဆိုနိုင်ပါသည်။

ထို့အတူ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအနေဖြင့်လည်း မိမိဒေသအတွက် လိုအပ်ချက်များကို တတ်အားသရွေ့ ဝိုင်းဝန်းဖြည့်ဆည်းပေးကြရန် အကြံပြုတိုက်တွန်းရင်း ဖျာပုံမြို့ ပညာပါရမီ ပညာရေးရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်မှုကို ဖော်ပြပါ ကဗျာဖြင့် ရေးသားဂုဏ်ပြုလိုက်ပါသည်။

ပညာပါရမီ ဥယျာဉ်ဆီသို့ ...

ပညာထက်မြက်၊ ထူးချွန်လျက်နှင့်
အခက်အခဲ၊ ရေဆိုင်ဝဲ၌
ဆင်နွဲ့အားမာန်၊ ကြံ့ကြံ့ခံ၍
ဇွဲသန်အားတက်၊ စိတ်မပျက်လည်း
ကိုယ့်တွက်လိုငွေ၊ အထွေထွေကို
နှစ်ထွေမိဘာ၊ နဖူးမှချွေး
ခြေမပြေးကျ၊ လုပ်ဆောင်ရတည့်
ရင်မှနှလုံး၊ မချိပြုံးနှင့်
နောက်ဆုံးပန်းတိုင်၊ လမ်းဆုံးတိုင်သို့
ယိမ်းယိုင်လျှောက်လှမ်း၊ ပညာလမ်းတွက်
စိတ်နွမ်းညှိုးခွေမရှိစေဖို့-၊
ဖျာပုံမြို့နေ၊ မြို့သူတွေနှင့်
ပြည်သူအများ၊စေတနာရှင်များက
ကိုယ့်သားရင်းချာ ကဲ့ပမာသို့
ရင်မှာစဉ်ထား၊ နိုးကြားတက်ကြွ
ပံ့ပိုးကြတည့်၊ များလှအကျိုး
ရှေ့မျှော်ကိုး၍ တိုင်းကျိုးပြည်ကျိုး
ဘက်စုံတိုးအောင်၊ ကိုယ်ကျိုးမဖက်
ညီညာလျက်နှင့်၊ ပေးဆက်ကာသာ
ပညာပါရမီ စုံညီဒါန
ဥယျာဉ်လှကို မျိုးချပျိုးထောင်
တို့တည်ထောင်မည်
ပညာဂုဏ်ရောင်ဝင့်စေသော်။ ။

သူဇာနွယ်(ဖျာပုံ)

သိမ်ဆိပ်တိုက်နယ်ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

သထုံ ဇန်နဝါရီ ၁၀

မြို့ရွာ သန့်ရှင်းသပ်ရပ် သာယာစေရေးအတွက် မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် စေတနာ(အခမဲ့)လူမှုကူညီရေးအသင်းနှင့် မေတ္တာရောင်စဉ် ပရဟိတလူငယ်များအဖွဲ့တို့ပူးပေါင်းပါဝင်သော အဖွဲ့ဝင်များသည် သိမ်ဆိပ်တိုက်နယ်ဆေးရုံဝင်းအတွင်း အမှိုက်များကင်းစင်စေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို ဇန်နဝါရီ ၉ ရက်နံနက်က ဆောင်ရွက်ခဲ့ကြသည်။

"ကျွန်တော်တို့အဖွဲ့တွေ ၁၅ ရက်တစ်ကြိမ် မြို့ထဲက လိုအပ်နေတဲ့ နေရာတွေမှာလိုက်ပြီး သန့်ရှင်းရေးဆောင်ရွက်နေတာပါ။ မြို့ထဲကလမ်းတွေမှာ အမှိုက်ပုံးတွေ လိုက်ချပေးထားပါတယ်။ တစ်ရက်ခြား တစ်ခါကားနဲ့ လှည့်လည်သိမ်းဆည်းပေးပါတယ်။ ဆက်ပြီးတော့ ဒီအစီအစဉ်တွေမပျက်အောင် ဆောင်ရွက်သွားမယ်"ဟု စေတနာ(အခမဲ့)လူမှုကူညီရေးအသင်းမှ ဦးကျော်ထိုက်က ပြောသည်။

စေတနာ(အခမဲ့)လူမှုကူညီရေးအသင်းသည် ပြီးခဲ့သည့် နိုဝင်ဘာလမှစတင်၍ သုဝဏ္ဏဝတီမြို့အတွင်းရှိ စာသင်ကျောင်း၊ ဆေးရုံ၊ ဘုရား၊ ရပ်ကွက်များအတွင်း အမှိုက်များကင်းစင်စေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် လပြည့်လကွယ်နေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

စာကြည့်တိုက်ဖွင့်ပွဲနှင့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၁၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ရှုံးရှိကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် အကြိမ်(၂၀)မြောက် စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို ဇန်နဝါရီ ၈ ရက်က ရှုံးရှိကျေးရွာ သာသနာဗိမာန်လယ်တီ ကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စာပေဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဆွေတို့က အမှာစကားပြောကြားကြပြီး အလင်းရောင် စာကြည့်တိုက်ကော်မတီက စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စီစဉ်ကျင်းပသော ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပွဲပြုလုပ်သည်။

ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ အောင်စိုးသူက စာပေအကျိုးနှင့် အနာဂတ်ခရီး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ လူရွှင်တော် ချစ်စရာက ကျပ်တို့လူမျိုး တန်ခိုးရှိသည် ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေဆိုင်ရာ အကြောင်းအရာများကို ဟောပြောခဲ့ကြသည်။

ယင်းစာပေဟောပြောပွဲကို ဂန့်ဂေါမြို့နယ် ရှုံးရှိကျေးရွာ အလင်းရောင် စာကြည့်တိုက်ကော်မတီနှင့် မန္တလေးမြို့အခြေစိုက်စာတော်သံပရဟိတ ကွန်ရက်တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ယင်းစာပေဟောပြောပွဲသို့ ပရိသတ် ၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

မတ်ပဲ မျိုးသန့်မျိုးပွား စံပြကွက်စိုက်ပျိုးမှု ပညာပေးသရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၁၀

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ၌ စိုက်ပျိုးထားသော ရေဆင်း(၂)မတ်ပဲ မျိုးသန့်မျိုး ပွားစံပြစိုက်ခင်းဧက ၂၀ ၌ စံပြကွက် စိုက်ပျိုးမှု တောင်သူပညာပေး သရုပ်ပြပွဲကို ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးနိုင်နှင့် ကွင်းဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာအုပ်စုများမှ တောင်သူ များအား မတ်ပဲမျိုးသန့်မျိုးပွား စိုက်ကွက်စိုက်ပျိုးခြင်းနှင့် မတ်ပဲ အထွက်တိုးစနစ်များ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းနှင့် သွင်းအားစုများ အချိန်မီထည့်သွင်းခြင်း စသည့်အကြောင်းအရာများကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

လောင်းလုံး ဇန်နဝါရီ ၁၀

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးမောင်မောင်နှင့်ဝန်ထမ်းများသည် Norwegian Fefugee Coun-cil(NRC)အဖွဲ့နှင့် ပူးပေါင်း၍ လောင်းလုံးမြို့နယ် မြို့ဟောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ရေဖြူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများတွင် ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တွင် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်အထူးစီမံချက်(အပိုင်း-၂)ဖြင့် နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ဟောင်းကျေးရွာ အထက(ခွဲ)မှ ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် ရေဖြူကျေးရွာ အထကကျောင်းမှ ကျောင်းသား ကျောင်းသူ ၉၀ စုစုပေါင်း ၁၆၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပြဋ္ဌာန်း

(၁၀-၁-၂၀၁၆)ရက်နေ့ထုတ် စာမျက်နှာ ၂၀ မှအဆက်

(င) နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်အား ပြည်တွင်းတွင် သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်းကြောင်းနှင့်ခရီးစဉ်အတိုင်း ပြေးဆွဲခြင်း ရှိ မရှိ၊ ခရီးသည်နှင့် ကုန်စည်အတင်အချ ပြုလုပ်ခြင်း ရှိ မရှိ၊ သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း သွားလာခြင်း ပြန်လည်ထွက်ခွာခြင်း ရှိ မရှိ စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးစေခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းပြုရမည်။

(စ) အခြားစာချုပ်ဝင် နိုင်ငံတစ်ခုခုမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား တရားဝင်ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုပြီး ပြည်တွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုရမည်။

(ဆ) ပြည်ပမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက နိုင်ငံတော်မှတစ်ဆင့်ဖြတ်သန်း၍ အခြားစာချုပ်ဝင်နိုင်ငံသို့ သယ်ယူပို့ဆောင်သည့် ကုန်စည်များအတွက် အခြားအခွန်အခများမှအပ အကောက်ခွန်ကင်းလွတ်ခွင့်ပြုရမည်။

(ဇ) အခြားစာချုပ်ဝင်နိုင်ငံတစ်ခုမှနယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ဝင်ရောက်သည့် ကုန်စည်များအတွက် အကောက်ခွန်နှင့် အခြားအခွန်အခများကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံရမည်။

၃၁။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ယာဉ်မောင်းနှင့်ယာဉ်အကူများသည် ၎င်းတို့၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ် သို့မဟုတ် အပြည်ပြည်ဆိုင်ရာခရီးသွားလက်မှတ်ကို ကိုင်ဆောင်ထားရမည်ဖြစ်ပြီး ဒေသဆိုင်ရာသဘောတူစာချုပ်အရဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြုမထားလျှင် ဗီဇာ သို့မဟုတ် အနည်းဆုံးတစ်နှစ်အတွင်း အကြိမ်ကြိမ်ဝင်ထွက်ခွင့် ဗီဇာထုတ်ပေးရန် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၂။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး ဒေသဆိုင်ရာသဘောတူစာချုပ်အရဖြစ်စေ၊ အခြားစာချုပ်ဝင်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ်အရဖြစ်စေ ဗီဇာကင်းလွတ်ခွင့်ပြုမထားလျှင် သက်ဆိုင်ရာအစိုးရဌာနနှင့်ညှိနှိုင်းပြီး လျှောက်ထားသူအား ဗီဇာ သို့မဟုတ် အနည်းဆုံး တစ်နှစ်အတွင်း အကြိမ်ကြိမ်ဝင်ထွက်ခွင့် ဗီဇာထုတ်ပေးနိုင်သည်။

၃၃။ ပြည်ပမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍-

(က) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ကို မော်တော်ယာဉ်နှင့်အတူ သယ်ဆောင်ထားရှိရမည်။ ထို့ပြင် မှတ်ပုံတင်နံပါတ်ပြားကို သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ ရှေ့နှင့်နောက်တွင် တပ်ဆင်ထားပြီး မှတ်ပုံတင်ထားသည့်နိုင်ငံ၏ အမှတ်အသားကို သိသာထင်ရှားအောင် ပြသထားရမည်။

(ခ) သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်သည် နိုင်ငံတော်က သတ်မှတ်ထားသော မော်တော်ယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ မီးခိုးထုတ်လွှင့်မှုနှင့် လေထုညစ်ညမ်းမှု စံချိန်စံညွှန်းများနှင့် မော်တော်ယာဉ်ဝန်တင်ခံနိုင်ရည်အလေးချိန် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(ဂ) အခြားစာချုပ်ဝင်နိုင်ငံက ထုတ်ပေးထားသည့် မော်တော်ယာဉ်မှာ ကြံ့ခိုင်ကောင်းမွန်ကြောင်း စစ်ဆေးထားသည့် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါရှိရမည်ဖြစ်ပြီး လုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသည့်စစ်ဆေးရေးအဖွဲ့သည် ထိုမော်တော်ယာဉ်စစ်ဆေးခြင်းလက်မှတ်ကို အသိအမှတ်ပြုရမည်။

(ဃ) ပြည်တွင်းသို့ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်၏ပိုင်ရှင်သည် ထိုမော်တော်ယာဉ်အတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ သူတစ်ပါးထိခိုက်မှုအာမခံထားရှိရမည်။

(င) အခြားစာချုပ်ဝင်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်မှာ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ထိုမော်တော်ယာဉ်အတွက် ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၄။ ပြည်တွင်းမှ နယ်စပ်ဖြတ်ကျော်၍ အခြားစာချုပ်ဝင်နိုင်ငံအတွင်းသို့ သယ်ယူပို့ဆောင်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်နှင့် စပ်လျဉ်း၍ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့်သက်ဆိုင်ရာတာဝန်ရှိသူတို့သည် ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များကို အပြန်အလှန်အသိအမှတ်ပြု လိုက်နာဆောင်ရွက်ရမည်။

၃၅။ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်၏ ယာဉ်မောင်းနှင့်ယာဉ်အကူတို့သည်-

(က) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်ကို ယာဉ်မောင်းနှင့်အတူ တစ်ပါတည်းပါရှိရမည်။

(ခ) အိမ်ရှင်စာချုပ်ဝင်နိုင်ငံမှ ထုတ်ပေးထားသည့် သက်တမ်းရှိ ယာဉ်အကူလက်မှတ်ကို ယာဉ်အကူနှင့်အတူ တစ်ပါတည်းပါရှိရမည်။

(ဂ) မော်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

၃၆။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုင်ဆောင်ထားသည့် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်တို့ကို စိစစ်ပြီး ယာယီအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၇။ ဒေသဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ နိုင်ငံတော်၏နယ်စပ်ကို ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၊ မော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့်သက်ဆိုင်ရာတာဝန်ရှိသူတို့သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်-

(က) ဘေးအန္တရာယ်ရှိသော ကုန်စည်များသယ်ယူပို့ဆောင်ခြင်း၊

(ခ) နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း၊

(ဂ) ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်များသယ်ယူပို့ဆောင်ခြင်း၊

(ဃ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ခြင်း၊

(င) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၊ ယာဉ်မောင်း၊ ယာဉ်အကူနှင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခြင်း၊

(စ) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းခြင်းနှင့် ပြည်တွင်းအကောက်ခွန်ရှင်းလင်းခြင်း၊

(ဆ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းများနှင့်အချက်ပြစနစ်များ၊

(ဇ) သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ ယာယီတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဈ) နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊

(ည) ကုန်စည်များသယ်ယူပို့ဆောင်ရာတွင် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဋ) လမ်း၊ တံတားဒီဇိုင်းနှင့်ဆောက်လုပ်ရေးစံချိန်စံညွှန်းများ၊ အဆင့်အတန်းအသေးစိတ် ဖော်ပြချက်များနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊

(ဌ) နယ်စပ်ဖြတ်ကျော်ခြင်းနှင့် စာချုပ်ဝင်နိုင်ငံမှတစ်ဆင့် ဖြတ်သန်းရာတွင် လွယ်ကူအဆင်ပြေစေခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊

(ဍ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထက်ပို၍ သယ်ယူပို့ဆောင်ရာတွင် လျော်ကြေးပေးလျော်ရန် တာဝန်၊

(ဎ) ကွန်တိန်နာအပေါ် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(ဏ) ကုန်စည်အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းစနစ်၊

(တ) ယာဉ်မောင်းလိုင်စင်အတွက် လိုအပ်ချက်များ၊

(ထ) နယ်စပ်ဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်များ အဝင်အထွက်ဂိတ် သတ်မှတ်ခြင်းနှင့် လမ်းကြောင်းသတ်မှတ်ခြင်း၊

(ဒ) နိုင်ငံဖြတ်ကျော်၍ သယ်ယူပို့ဆောင်ရာတွင် ကောက်ခံမည့် အခကြေးငွေများ၊

(ဓ) နိုင်ငံဖြတ်ကျော်၍ မော်တော်ယာဉ်ဝင်ထွက်နိုင်သည့် ခေါက်ရေအကြိမ်၊ စီးရေ၊ ဝန်ဆောင်မှုပေးနိုင်သည့်စွမ်းအား၊ ခွင့်ပြုချက်ပေးနိုင်သည့် ခွဲတမ်းအရေအတွက်။

အခန်း (၉)
သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏တာဝန်နှင့် ပေးရန်တာဝန်ရှိမှုများ

၃၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ကိုတာဝန်ယူ၍ ပို့ဆောင်ရန်လက်ခံသည့်အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကို လွှဲပြောင်းပေးပို့ပြီးသည့်အချိန်အထိ ထိုကုန်စည်အတွက် တာဝန်ရှိသည်။

၃၉။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ်အတွင်း မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထပ်ဆင့်ချုပ်ဆိုသည့် ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း မိမိကိုယ်တိုင် ပြုလုပ်မှုနှင့် ပျက်ကွက်မှုဖြစ်ဘိသကဲ့သို့ တာဝန်ရှိစေရမည်။

၄၀။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည်-

(က) ကုန်စည်ကို လက်ခံသည့်အခါ အရေအတွက်၊ အလေးချိန်နှင့် မြင်သာသည့် ကုန်စည်အခြေအနေတို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို ကုန်ပို့လွှာတွင် ရေးမှတ်ရမည်။ ထိုသို့ စစ်ဆေးတွေ့ရှိချက်ကို ရေးမှတ်ခြင်းမပြုပါက ကုန်စည်မှာ ကောင်းမွန်သည့်အခြေအနေတွင် ရှိသည်ဟု မှတ်ယူရမည်။

(ခ) ကုန်ပို့လွှာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အသေးစိတ်အချက်များပါရှိစေရမည်။

(ဂ) ကုန်ပို့လွှာတွင် လက်မှတ်ရေးထိုးပြီး ကုန်ပို့လွှာသုံးစောင်ပြုစုရမည်။ ပထမမူရင်း ကုန်ပို့လွှာတစ်စောင်ကို ကုန်စည်အပ်နှံသူသို့ လည်းကောင်း၊ မူရင်းခွဲကုန်ပို့လွှာတစ်စောင်ကို ကုန်စည်များနှင့်အတူ တစ်ပါတည်း ကုန်စည်ကို သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်သို့ လည်းကောင်း၊ ဒုတိယမူရင်းခွဲ ကုန်ပို့လွှာတစ်စောင်ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသို့လည်းကောင်း ပေးရမည်။

(ဃ) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက်မပါရှိလျှင် ကုန်စည်အပ်နှံသူ၏ အခွင့်အရေးအရ ၎င်း၏ ကုန်စည်ကို စီမံခန့်ခွဲပိုင်ခွင့်၊ လမ်းခရီးတွင် ရပ်တန့်ခွင့် သို့မဟုတ် အခြားကုန်စည်လက်ခံသူသို့ ပြောင်းလဲပေးပို့ခွင့်ကို အသိအမှတ်ပြုရမည်။

(င) ကုန်ပို့လွှာတွင် သီးခြားသဘောတူညီချက်ပါရှိပါက မူလကုန်စည်တင်ပို့ရာနေရာသို့ ပြန်ပို့ခွင့် သို့မဟုတ် အခြားခရီးစဉ်သို့ ပြောင်းလဲခွင့်နှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၄၁။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည်-

(က) ကုန်စည်သယ်ယူပို့ဆောင်ရေးပဋိညာဉ်အရ တာဝန်ယူပို့ဆောင်ရန် ကုန်စည်ကို စတင်လက်ခံသည့်အချိန်မှစ၍ မိမိကိုယ်တိုင် တာဝန်ယူဆောင်ရွက်ရာတွင်ဖြစ်စေ၊ မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်က ဆောင်ရွက်ရာတွင်ဖြစ်စေ ကုန်စည်များပျက်စီးမှု၊ ဆုံးရှုံးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ပျက်စီးမှု၊ ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင်တွင်သော်လည်းကောင်း၊ မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တွင်သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေအထောက်အထားမတင်ပြနိုင်လျှင် ယင်းပျက်စီးဆုံးရှုံးမှုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည်လွှဲပြောင်းပို့ရမည့် အချိန်ကာလနှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်းမပြုဘဲ ကုန်စည်ကို လက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုအတွက် တာဝန်မရှိစေရ။

၄၂။ ကုန်စည်ကို လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ရန် သဘောတူထားသည့်နေ့တွင်သော်လည်းကောင်း၊ ထိုသို့သဘောတူထားခြင်းမရှိခဲ့လျှင် ကုန်စည်ကို စတင်လက်ခံသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သော်လည်းကောင်း လက်ခံမည့်သူထံသို့ လွှဲပြောင်းပေးပို့ခြင်းမပြုနိုင်ဘဲ နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်လျှင် အခြားဆန့်ကျင်ကွဲလွဲသည့် သက်သေအထောက်အထားမရှိပါက ကုန်စည်ကို တောင်းဆိုပိုင်ခွင့်ရှိသူသည် ယင်းကုန်စည်ကို ပျောက်ဆုံးသည့် ကုန်စည်အဖြစ် မှတ်ယူ၍ ဆောင်ရွက်နိုင်သည်။

၄၃။ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့်ကာလအတွင်း အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း သက်သေထင်ရှားပြနိုင်ပါက အဆိုပါကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ-

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်၏ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်း ပြုလုပ်ရာတွင် မပြည့်စုံမှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က ပေါ့ဆစွာကုန်စည်ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သိုလှောင်ထိန်းသိမ်းထားရှိမှု၊

(ဃ) ပုပ်သိုးပျက်စီးလွယ်သော ကုန်စည်ဖြစ်မှု၊ ကုန်စည်၏ ပင်ကိုယ်သဘာဝချို့ယွင်းမှု သို့မဟုတ် မမြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့် အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒပြမှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကိုလုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုအပါအဝင် ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေ ပေါ်ပေါက်မှု။

၄၄။ ကုန်စည်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်းအတွက် လျော်ကြေးသတ်မှတ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်၏ ကာလတန်ဖိုးကိုသော်လည်းကောင်း အခြေခံရမည်။

၄၅။ ကုန်စည်ကိုလျော့၍ပေးအပ်မှု သို့မဟုတ် ကုန်စည်ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ -

(က) ပြည်တွင်းကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပေးလျော်ရမည့် လျော်ကြေးမှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

(ခ) သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းအတွက် ပေးလျော်ရမည့် လျော်ကြေးမှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့် အများဆုံးပေးလျော်ရမည့် အထူးငွေကြေးထုတ်ယူပိုင်ခွင့် ယူနစ်ပမာဏထက် ပို၍ပေးလျော်ရန် တာဝန်မရှိစေရ။

၄၆။ ကုန်စည်လုံးဝ သို့မဟုတ် တစ်စိတ်တစ်ဒေသ ပျောက်ဆုံးမှုဖြစ်လျှင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူသည်-

(က) ကုန်စည်တန်ဖိုးကြေညာလွှာပါ တန်ဖိုးငွေကိုဖြစ်စေ၊ ထိုသို့ကြေညာထားခြင်းမရှိလျှင် ကုန်စည်လက်ခံရာနေရာရှိ ကာလတန်ဖိုးကို ဖြစ်စေ ပေးလျော်ရမည်။

(ခ) သယ်ယူပို့ဆောင်ခ၊ အကောက်ခွန်နှင့် အခြားကုန်ကျစရိတ်များ အားလုံးကို ပြန်လည်ပေးလျော်ရမည်။

၄၇။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်လွှဲပြောင်းပေးပို့ရာ၌ နှောင့်နှေးကြန့်ကြာမှုရှိလျှင် ပေးလျော်ရမည့်ပမာဏမှာ သယ်ယူပို့ဆောင်ခထက် မပိုစေရ။

၄၈။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၊ ခရီးသည်နှင့် ကုန်စည်အပ်နှံသူတို့ လိုက်နာရမည့် တာဝန်များကို နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

အခန်း (၁၀)
အခကြေးငွေများသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း

၄၉။ ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ရမည်-

(က) လုပ်ငန်းလိုင်စင်ခနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခများ၊

(ခ) ခွင့်ပြုချက်အတွက် ဝန်ဆောင်မှုအခကြေးငွေများ၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ။

၅၀။ ဦးစီးဌာနက ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ ဤဥပဒေအရ ပေးဆောင်ရမည့်အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူအပေါ် အခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံနိုင်သည်။

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

အခန်း(၁၁)

စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခြင်း

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူကဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူကဖြစ်စေ လုပ်ငန်းလိုင်စင် သို့မဟုတ် ခွင့်ပြုချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိလျှင် ထိုသူအား အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၃။ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေးပြစ်ဒဏ်များအနက် ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က)ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

အခန်း(၁၂)

အယူခံခြင်း

၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ် ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကို မကျေနပ်သူ သည် ထိုပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၅ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ဦးစီးဌာနက ပုဒ်မ ၅၂ အရ ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်ကို မကျေနပ်သူသည် ထိုပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၈။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနက ပုဒ်မ ၅၆ အရ အယူခံမှုတွင် ချမှတ်သောအမိန့်ကို မကျေနပ် သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ နှင့် ပုဒ်မ ၅၉ တို့အရ အယူခံမှုတွင် ဝန်ကြီးဌာန သည် အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၆၁။ အယူခံခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

အခန်း(၁၃)

တားမြစ်ချက်များ

၆၂။ မည်သူမျှ-

(က) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း အတွက် လုပ်ငန်းလိုင်စင်မရှိဘဲ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ ခရီး သည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ခွင့်အတွက် သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့်ဖြတ်သန်း၍ သယ်ယူ ပို့ဆောင်ခွင့်အတွက်သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေး သည့် ခွင့်ပြုချက်မရှိဘဲ ပြည်တွင်းတွင် ကုန်းလမ်းသယ်ယူပို့ဆောင် ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၆၃။ မည်သူမျှ လုပ်ငန်းလိုင်စင်ကိုဖြစ်စေ၊ ခွင့်ပြုချက်ကိုဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်သည့် စာတမ်းအမှတ်အသားများကိုဖြစ်စေ-

(က) ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အတုအပပြုလုပ်ခြင်းမပြုရ။

(ခ) သက်ဆိုင်ရာသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်နှင့် ကုန်းလမ်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှအပ အခြားနေရာများတွင် အသုံးမပြုရ။

၆၄။ မည်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူမျှ နယ်စပ်ဖြတ်ကျော်၍ ပြည်တွင်းသို့ဝင်ရောက်သည့် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်အား ခိုင်လုံ သော အကြောင်းမရှိဘဲ-

(က) ပြည်တွင်းတွင်သယ်ယူပို့ဆောင်ရမည့် သတ်မှတ်ထားသော လမ်း ကြောင်းနှင့် ခရီးစဉ်အတိုင်းမဟုတ်ဘဲ ပြောင်းလဲ၍ ပြေးဆွဲခြင်း မပြုရ။

(ခ) သတ်မှတ်ထားသည့် ထွက်ခွာချိန်ထက် နောက်ကျ၍ ထွက်ခွာခြင်း မပြုရ။

၆၅။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၆၆။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများတွင် ပြဋ္ဌာန်းထား သည့် နည်းလမ်းများမှတစ်ပါး လုပ်ငန်းလိုင်စင်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် မရဘဲ လွှဲပြောင်းခြင်း မပြုရ။

၆၇။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ဖျားနာသူများ၊ ဒဏ်ရာရသူများ သို့မဟုတ် သေဆုံးသူများကို သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်ဖြင့် အရေးပေါ်သယ်ယူ ပို့ဆောင်ခြင်း၊ ဘေးအန္တရာယ် ကျရောက်သူများအား အရေးပေါ်ရှာဖွေကယ်ဆယ် ရေး လုပ်ငန်းဆောင်ရွက်ခြင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် အစားအစာ များ၊ ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို ထောက်ပံ့ကူညီခြင်းတို့နှင့် သက်ဆိုင် ခြင်း မရှိစေရ။

အခန်း(၁၄)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၆၈။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက် မပို သော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ ထက် မပို သော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၄ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၅၊ ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်သိန်း ၇၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်နှစ်သိန်း မှ အများဆုံး ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၅)

စီရင်ပိုင်ခွင့်အာဏာ

၇၄။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရာ တွင် ကုန်စည်ပျက်စီးဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံး ခြင်းအတွက် လျော်ကြေးတောင်းဆိုခြင်းနှင့်စပ်လျဉ်း၍ တရားလို၏ ဆန္ဒအရ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံ၏ အောက်ဖော်ပြပါ နေရာဒေသတစ်ခုခုရှိ စီရင်ပိုင်ခွင့် ရှိသော တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်-

(က) ကုန်စည်စတင်သယ်ဆောင်သည့် နေရာဒေသ သို့မဟုတ် သွား ရောက်သည့် ခရီးစဉ်အဆုံးနေရာဒေသ၊

(ခ) ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို သိရှိလျှင် ထိုသို့သိရှိ သည့်နေရာဒေသ၊

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ အဓိကပင်မစီးပွားရေး လုပ်ငန်းတည်ရှိရာနေရာဒေသ၊

(ဃ) လျော်ကြေးတောင်းဆိုသည့် တရားလို အမြဲတမ်းနေထိုင်သည့် နေရာ ဒေသ၊

(င) ပုဒ်မခွဲ (က) မှ (ဃ)အထိပါရှိသော နေရာဒေသတစ်ခုခုအနက် တရားလိုနှင့်တရားပြိုင်တို့ နှစ်ဦးသဘောတူသည့် နေရာဒေသ။

၇၅။ နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရာ တွင် ကုန်စည် ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း၊ နှောင့်နှေးကြန့်ကြာမှုဖြစ်ခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျော်ကြေးတောင်းဆိုရာတွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းကို တရားလိုနှင့်တရားပြိုင်တို့ နှစ်ဦးသဘောတူလျှင် ပုဒ်မ ၇၄ ပါ နေရာဒေသတစ်ခုခုတွင် အနုညာတခုံသမာဓိဖြင့် ဖြေရှင်းနိုင်သည်။

အခန်း(၁၆)

အထွေထွေ

၇၆။ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ဤဥပဒေ အရ နစ်နာဆုံးရှုံးမှု တစ်ခုခုအတွက် အကြောင်းကြားစာပေးပို့ခြင်း၊ တရားရုံးနှင့် အနုညာတခုံသမာဓိရုံးတို့တွင်တရားစွဲဆိုခြင်း၊ တင်ပြတောင်းဆိုခြင်း၊ လျှောက် ထားခြင်းနှင့် ကာလစည်းကမ်းသတ်တို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန် သည့် နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများတစ်ရပ်ရပ်ဖြင့် သီးခြားထုတ်ပြန်၍ သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။ ထိုသို့သတ်မှတ်ထားခြင်းမရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်း ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

၇၇။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သယ်ယူ ပို့ဆောင်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ဤဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ ဦးစီးဌာန၏ လွှဲအပ် တာဝန်ပေးထားသည့် ခရိုင်နှင့်မြို့နယ်ဦးစီးဌာနတို့ကဖြစ်စေ ကောက်ခံသော အခကြေးငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပြည်ထောင်စုအစိုးရအဖွဲ့ ၏ ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၇၈။ ဤဥပဒေပါ လုပ်ငန်းလိုင်စင်ရယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာနများက အများပြည်သူ အကျိုးငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် မသက်ဆိုင် စေရ။

၇၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် များနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ် ကွပ်ကဲရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၈၀။ အမျိုးသားကော်မတီ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းကော်မတီတို့၏ ကုန်ကျ စရိတ်အဝဝကို ဝန်ကြီးဌာန၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံရမည်။

၈၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အဖွဲ့ ဝင်များသည် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၈၂။ ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ကုန်ကျစရိတ်အဝဝကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံရမည်။

၈၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ အဖွဲ့ ဝင်များ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ် ကွပ်ကဲရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့်ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင် နေသည့်အချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၄။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်သည် ယင်းသက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည် ဟု မှတ်ယူရမည်။

၈၅။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်း များ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံး လုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ အမျိုးသားကော်မတီ၊ ကုန်းလမ်းသယ်ယူပို့ဆောင် ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်း ကော်မတီနှင့် နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင် သည်။

၈၇။ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပြဋ္ဌာန်း

ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄။)
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **ရထားပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်၏ ဒေသအားလုံး သို့ ဖြစ်စေ၊ တစ်စိတ်တစ်ဒေသသို့ဖြစ်စေ၊ နိုင်ငံရပ်ခြားသို့ဖြစ်စေ ရထားကို အသုံးပြု၍ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်သည့်လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ယင်းလုပ်ငန်း များနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း တို့ကိုဆိုသည်။

(ခ) **ရထားလုပ်ငန်းဆိုင်ရာပစ္စည်းများ** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးအတွက် တည်ထောင်ထားသည့် ရထား သို့မဟုတ် ရထား၏ တစ်စိတ်တစ်ဒေသကို ဆိုသည်။ ယင်းစကား ရပ်တွင် ရထားလုပ်ငန်းဆိုင်ရာ အောက်ပါပစ္စည်းများလည်း ပါဝင် သည်-

(၁) ရထားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝင်းခြံအကာအရံ အတွင်းရှိ မြေအားလုံး သို့မဟုတ် ရထားနယ်နိမိတ် ပိုင်းခြားသတ်မှတ်ထားသည့် အထက်၊ အောက် နယ်မြေ အားလုံး၊

ဆက်လက်ဖော်ပြပါမည်

အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)၄-၁-၂၀၁၆ဖြင့် ဒေါ်ရည်ဝိုင်းဦး Executive Director (အောဝမ်းဆောက်လုပ်ရေးကုမ္ပဏီ)နှင့် ဒေါ်သီဂီလင်း Executive Director (အောဝမ်းဆောက်လုပ်ရေး ကုမ္ပဏီ)တို့အား သုခမ္မသီရိဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောက်နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့် လူမျိုး၊ ဘာသာ သာသနာအကျိုးကို ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

အောဝမ်းဆောက်လုပ်ရေးကုမ္ပဏီဒါရိုက်တာများနှင့်ဝန်ထမ်းများ

ဆီနိုဝင်းနှင့်ရောင်းရင်းများ

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း၊ မွေတော်ကက္ကူ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ (ကျောက်စိမ်းဘုရား)
▲ အလောင်းတော်ကဿပ(သီးသန့်)နှင့် မုံရွာ ဘုရားစုံ
▲ ပုပ္ပါး-ပုဂံ (စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ စလေ(ရုပ်စုံ)
▲ ပုပ္ပါး-ပုဂံ (စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင်
▲ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ နွားလပို့တောင်
▲ မြဝတီ-မဲဆောက် ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်
▲ ထုံးဘို အကောက်တောင်၊ ပြည်ဘုရားစုံ (စနေ) ▲ ဇလွန်(တနင်္ဂနွေ)

အပတ်စဉ် သောကြာနေ့တိုင်း

အမှတ်-၂၇၅၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း)၊ ကျောက်တံတား၊ ရန်ကုန်မြို့။ 01-249871,255553,09-5137245,09-5122511

ဂုဏ်ယူဝမ်းမြောက်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၊ တိုင်းဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) **ဦးသောင်းဇော်** အား တိုင်း ဒေသကြီးအစိုးရအဖွဲ့က ၂၀၁၆ ခုနှစ်၊ လွတ်လပ်ရေး နေ့တွင် ချီးမြှင့်သည့် **"ရတနာပုံစီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု"** ရရှိကြောင်း ကြားသိရသဖြင့် ကိုသားအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

အစ်ကို၊ အစ်မများ

ဦးသန်းအောင် (တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ်) နှင့် ဇနီး ဒေါ်စမ်းစမ်းမြင့်၊
ဒု-ဗိုလ်မှူးကြီး မြင့်အောင် (ငြိမ်း) နှင့် ဇနီး ဒေါ်ဝင်းဝင်းမြင့်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဖြိုးသီဟကျော် CDC 44442 ၏ BST (Basic Safety Training Certificate)Certificate No.45479/14 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၈၇၆၂၆၀၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/2108, Toyota Corolla Felder, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်ဆုသည်းအေးအောင် ၁၂/ဥကတ(နိုင်)၁၇၈၄၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်(85' Batch)မှ မာလာဆောင်ကျောင်းသူ **ဒေါ်ရွှေလှ** (ဒါရိုက်တာ- Yee Shin Holdings Co., Ltd) Nyein Hospital (MDY), City Hospital (MDY)အား နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **သုခမ္မသီရိ** ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း နိုင်ငံအကျိုး၊ အမျိုးဘာသာသာသနာတော်အကျိုးတို့ကို စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် (85' Batch) မှ ထာဝရမာလာမေများ

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

လားရှိုးအသင်း(ရန်ကုန်)ဥက္ကဋ္ဌ **ဒေါက်တာအေးအေး**(မန်နေဂျင်းဒါရိုက်တာ-ချိန်ကောင်းကုမ္ပဏီလီမိတက်)အား နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **သုခမ္မသီရိ** ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် လားရှိုးအသင်း(ရန်ကုန်)မိသားမှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း နိုင်ငံအကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လားရှိုးအသင်း(ရန်ကုန်)
အသင်းသူအသင်းသားများ

UNIQUE STAR TRAVELS & TOURS

ဗန်ကောက်၊ပတ္တရား (6)D[Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Jan: 16, 23, 30 / Feb: 6, 13, 20, 27 ($300)
ဗန်ကောက်၊ပတ္တရား (3)D, (4)D, (5)D Jan: 16, 23 ($200)
ဗန်ကောက်၊ဖူးခက် (6)D Jan: 23 / Feb: 12 ($500)
ဖူးခက်/ ချင်းမိုင် (4)D Jan: 23 / Feb: 12 ($300)
ကူမင်း၊ရှန်ဂရီလာ (8)D Jan: 30 / Feb: 12 ($500)

Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Feb:12, Mar: 2, 23, 30 ($ 470 / $ 550)
Apr: 10, 11, 12, 13, 14, 18 ($ 550/ $ 650)
Bangkok - Cambodia ($ 750)
Phuket - Bangkok ($ 850)

70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

ICEC
ကိုယ်ပိုင်အထက်တန်းကျောင်း
"ဝန်ထမ်းအလိုရှိသည်"

အသစ်ဖွင့်လှစ်မည့် ICEC ကျောင်းများအတွက်

(၁) အထက်တန်းပြဆရာ၊ ဆရာမများ	(၂၅) ဦး
(၂) အလယ်တန်းပြ ဆရာ၊ ဆရာမများ	(၄၀) ဦး
(၃) မူလတန်းပြ ဆရာ၊ ဆရာမများ	(၃၅) ဦး
(၄) အတန်းပိုင် ဆရာ၊ ဆရာမများ	(၄၀) ဦး
(၅) အဆောင်မှူး ဆရာ၊ ဆရာမများ	(၅) ဦး
(၆) ရုံးဝန်ထမ်း စာရေးမများ	(၅) ဦး
(၇) ကွန်ပျူတာ ဆရာမများ	(၂) ဦး
(၈) ကာယ ဆရာ၊ ဆရာမများ	(၃) ဦး
(၉) ယဉ်ကျေးလိမ္မာသင်ခန်းစာသင် ဆရာ၊ ဆရာမများ	(၆) ဦး
(၁၀) International English, Maths and Science သင်ဆရာ၊ ဆရာမများ	(၂၀) ဦး

လျှောက်ထားသူသည် CV Form ပုံစံအား နီးစပ်ရာ ICEC ကျောင်းများတွင်လာရောက်ထုတ်ယူပြီး၊ ဓါတ်ပုံ (၂)ပုံ၊ ဘွဲ့လက်မှတ်/သင်တန်းဆင်းလက်မှတ်များ၊ ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင် မိတ္တူများ၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံစာများနှင့်အတူ (၃၁-၁-၂၀၁၆)နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

လျှောက်ထားရန်လိပ်စာ

